# ဘုရားသခင်၏ မေတ္တာတော်အမျက်

## ဘုရားသခင်၏ချစ်ခြင်းမေတ္တာ
## နှင့် အမျက်တော်
## ကြားတွင်
## အံ့ဝင်ခွင်ကျဖြစ်ခြင်း

စာရေးသူများ-
ဂရေဟမ် မက်စ်ဝဲလ်၊
မောရစ်စ် ဒီ လူဝစ်စ်၊
အက်ဖ်တီ ရိုက်ထ်၊
ဂေရီ ဟားကွိုင့်ထ်





မိုဃ်းကောင်းကင်၌ ကျင်လည်သော
တောင်န်းသော်လည်း၊ မိမိအချိန်ကို သိတတ်၏။...
ငါ၏လူမူကား၊ ထာဝရဘုရားစီရင်တော်မူခြင်းကို
နားမလည်တတ်။ ယေရမိအနာဂတ္တိကျမ်း ၈း၇။

ခရစ်ယာန်လောကတစ်ခုလုံးက ဘုရားသခင်ကအပြစ်သားများကို ဤမျှကာလပတ်လုံး သည်းခံတော်မူမည်၊ ထို့နောက် သူ၏သည်းခံခြင်း ကုန်ဆုံးတော့မည်။ သူသည် အပြစ်သားအပေါ် အမျက်ဒေါသထွက်ပြီးနောက် သူတို့ကို လွတ်လပ်စွာလုပ်ခွင့်ပေးသည်ဟု သွန်သင်ခဲ့ကြသည်။ အလွန် ဝမ်းနည်းစရာကောင်းပါသည်။ အမှန်တရားမှာ အပြစ်သားအပေါ် ဘုရားသခင် ဘယ်သောအခါမျှ အချစ်မလျော့ပါ။ ဘယ်တော့မှ မလျော့ပါ။

သခင်ဘုရား၏စီရင်တော်မူချက်များကို ကျွန်ုပ်တို့နားမလည်နိုင်ပါ။ "စီရင်တော်မူချက်တို့ကို အဘယ်သူမျှစစ်၍ မကုန်နိုင်။ ကြွတော်မူရာလမ်းတို့ကို လိုက်၍ရှာသော်လည်း မတွေ့မမှီ နိုင်။"[၁] ရှင်ပေါလုအချုပ်ပြောခဲ့သည်။ "သင်သည် ဘုရားသခင်၏ ဇာတိတော်ကို စစ်၍တွေ့နိုင် သလော"[၂] ဟု ယောဘက မေးခဲ့သည်။ "ဘုရားသခင်၏အကြံအစည်သည် ငါတို့၏ အကြံ အစည်များနှင့်မတူ၊ သူ့၏အကျင့်သည်လည်း ငါတို့၏အကျင့်နှင့်မတူ"[3] ဟု ဟေရှာယက အသိပေးပြောကြားခဲ့သည်။

ထိုအခါ ဘုရားသခင်၏ပညတ်တရားတော်ကို ချိုးဖောက်သောသူများ၊ ပုန်ကန်သောသူများ၊ ငြင်းပယ်သောသူများနှင့်
သင့်မြတ်ရေးအတွက်
ဘုရားသခင်၏နည်းလမ်းကို
ယေရှု၏
ကပ်တိုင်ပေါ်အသေခံခြင်းဖြင့်
အကောင်းဆုံး
ဖော်ပြပေးနေသည်။
ဤနေရာတွင် သူ့ကို ကျွန်ုပ်တို့
၏ လွတ်ငြိမ်းခွင့်အတွက်
ကြားဖျန်အပြစ်ဖြေပေးသူ



အဖြစ်တွေ့မြင်ရပါသည်။[၄]

## အပြစ်ဖျန်ဖြေခြင်း ဆိုတာ ဘာလဲ။

အပြစ်ဖျန်ဖြေခြင်းဆိုသည့် စကားလုံးသည် လေးနက်သော စကားလုံးဖြစ်သည်။ ကျွန်ုပ်တို့သည် ဤစကားလုံးကို သိပ်မသုံး ကြချေ။ သို့သော် ၎င်းသည် ပဋိညာဉ်သေတ္တာကို ဖွေးစင်ဖုံးထားသည့် ဂရုဏာပလ္လင်ကို ဖော်ပြရန်အတွက် အသုံးပြုသော စကားလုံးနှင့် တူညီသောစကားလုံး ဖြစ်သည်။ ယေရှုသည် ပညတ်တော်ဆယ်ပါးကို ကာကွယ်ကာထားသော ဂရုဏာပလ္လင်(အပြစ်ဖျန်ဖြေပေးသူ) ဖြစ်သည်။ ၎င်းပေါ်တွင် ပူဇော်သောအသွေးကို အပြစ်ဖြေခြင်းအဘို့ ဖျန်းခဲ့ကြသည်။ ထို့နောက် အပြစ်ဖြေခြင်းသည် ဂရုဏာပလ္လင်က ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး၊ တစ်ဖက်မှာ ပညတ်တော်ပါရှိပြီး၊ အခြားတစ်ဖက်မှာ အသွေးတော်ပါရှိသည်။

## ပုံပြင်အဖြစ်အပျက်- ဒါဝိဒ်မင်းကြီး

တစ်ချိန်က ဒါဝိဒ်အမည်ရှိသော ဣသရေလရှင်ဘုရင်တစ်ပါး ရှိခဲ့သည်။ သူသည် သူ၏စစ်သူရဲတစ်ဦး၏မယားနှင့် တကယ့်ပြဿနာအချို့ကြုံခဲ့ရသည်။ သူသည် သူမ၏ခင်ပွန်း တိုက်ပွဲတွင် အသတ်စေခဲ့သည့်အမှုကို ဖုံးကွယ်ရန်ကြိုးစားခဲ့သည်။ သို့သော် ဗာသရှေဘ၏ အဘိုးဖြစ်သော အဟိသောဖေလသည် (သူသည် ဣသရေလလူမျိုးအားလုံးထဲတွင် ဩဇာ အရှိဆုံးနှင့် ဉာဏ်ပညာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်) ဒါဝိဒ်၏ ခါးသီးသောရန်သူ ဖြစ်လာခဲ့သည်။ သူသည် ဒါဝိဒ်ကို လုပ်ကြံသတ်ဖြတ်ရန် အစီစဉ်ဆွဲခဲ့သေးသည်။

သို့သော် ပရောဖက်နာသန်သည် ရှင်ဘုရင်ကို သူ၏ ကြီးသောအပြစ်နှင့် ထိပ်တိုက်ရင်ဆိုင်စေသောအခါ ဒါဝိဒ်သည် ခါးသီးစွာ နောင်တရလျက် မိမိတွင် သေပြစ်ရှိကြောင်း ကြေငြာခဲ့သည်။ ထို့နောက် ပရောဖက်နာသန် တဖန်ပြောသည်မှာ- “သင်၏အပြစ်ကို ထာဝရဘုရား လွှတ်တော်မူပြီ။” ဘုရားသခင်သည် အပြစ်ဖြေခြင်းအမှုကို ပြုလိမ့်မည်ဟု ပြောခဲ့သည်။

## **သူ၏မျက်နှာကို ထိုးပါ၊ နှာခေါင်း သွေးယိုစေပါ၊ မုတ်ဆိတ်ကို စုတ်ပြတ်စေပါ**

ဒါဝိဒ်၏ အခါးသီးဆုံးသောရန်သူသည် သူ၏မျက်နှာကိုထိုးရန်၊ နှာခေါင်းသွေးယိုစေရန်၊ မုတ်ဆိတ်ကို စုတ်ပြတ်စေရန်၊ တံတွေးထွေးရန်နှင့် ရိုက်နက်ချင်ခဲ့စဉ်တွင် သူ့၏အပြစ်ဖြေခြင်း ဖြစ်သည့် ဂရုဏာပလ္လင်သည် သူ့၏အပြစ်ဖျန်ပေးရန်အတွက် ရပ်တည်ပေးခဲ့ပြီး၊ *သူကိုယ်တိုင်* ရိုက်နက်ခြင်းကို ခံယူခဲ့သည်။ နောက်ဆုံးတွင် သခင်ယေရှုသည် ထိုရိုက်နက်ခြင်းကို ခံယူခဲ့ပါသည်။

ထို့နောက် ထိုလက်ဝါးကပ်တိုင်ပေါ်တွင် ကျွန်ုပ်တို့အပေါ် ချိန်ရွယ်လာသော အပြစ်ဒဏ်များကိုလည်း ယေရှုခံယူပေးခဲ့ပါသည်။

ရှိခဲ့ဖူးသမျှသော အပြစ်ဒဏ်တိုင်းကို ခရစ်တော်သည် အဦးဆုံးခံစားခဲ့ရပြီး၊ မည်သူမဆို ပထမဦးဆုံးပြုလုပ် ဖူးသမျှသော ကောင်းသောအပြုအမူတိုင်းသည် သူ့ထံမှလာသည်။ ဘုရားသခင်၏ တရားစီရင်ခြင်းသည် ကျွန်ုပ်တို့အတွက် အပြစ်ပေးခြင်း၊ ကျိန်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ကျွန်ုပ်တို့ကိုယ်စား အသေသတ်ခံခြင်းဖြင့် ကျွန်ုပ်တို့ကို အန္တရာယ်မှ ကာကွယ်ခြင်း၊ နာကျင်ခြင်းဝေဒနာများမှ ကာကွယ် စောင့်ရှောက်ခြင်းများ သူပြုခဲ့သည်။ "ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့ အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။"၅ "...ထိုသူ သည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။... ထိုသူသည် ငါတို့ လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။..." ဟေရှာယ အနာဂတ္တိကျမ်း ၅၃း၄၊၅။ သို့သော် ကျွန်ုပ်တို့အပြစ်အတွက် ကျွန်ုပ်တို့ကိုယ်စား သူခံယူပေးသည်ကို ကျွန်ုပ်တို့ ငြင်းဆန်လျှင်၊ သူက တွန့်ဆုတ်ဘေးဖယ်လိုက်ပြီး၊ ကျွန်ုပ်တို့ကို မိမိတို့ကိုယ်တိုင် ခံယူခွင့် ပေးလိုက်မည် ဖြစ်သည်။

ဒါဝိဒ်၏သားတော်နှစ်ဦးနဲ့ပတ်သက်ပြီး ရှင်းလင်းဖော်ပြခြင်းထက် ဘုရားသခင်၏မေတ္တာတော် အမျက်ဒေါသအကြောင်း ပိုကောင်းသောဖော်ပြချက် မရှိပေ။ အာမနုန်သည် သူ၏ညီမကိုမုဒိမ်းကျင့်ခဲ့သော်ကြောင့် အဗရှလုံသည် သူ့ကိုသတ်ခြင်းဖြင့်၊ လက်တုံ့ပြန်ခဲ့သည်။

"ဒါဝိဒ်သည် အာမနုန်၏ရာဇဝတ်အမှုကို အပြစ်ပေးခြင်းတာဝန်အတွက် လျစ်လျူရှုခဲ့သည်။ ဘုရင်နှင့်ဖခင်တို့၏သစ္စာမဲ့မှုနှင့် သား၏ခေါင်းမာပြီး နောင်တမရခြင်းကြောင့် ဖြစ်ရပ်များကို သူတို့၏သဘာဝလမ်းစဉ်အတိုင်း လျှောက်လှမ်းစေရန် သခင်ဘုရားခွင့်ပြုခဲ့ပြီး၊ အဗရှလုံကိုလည်း မတားဆီးခဲ့ပါ။ မိဘများ သို့မဟုတ် အုပ်စိုးရှင်များသည် အပြစ်ပေးခြင်းတာဝန်ကို လျစ်လျူရှုမိသောအခါ၊ ဘုရားသခင်သည် ၎င်းကိစ္စရပ်ကို ကိုင်တွယ်လိမ့်မည်။ အပြစ်ကို အပြစ်ဖြင့် ဒဏ်ပေးခြင်း အခြေနေတစ်ခုဖြစ်ပေါ်လာရန် *အတိုင်းတာတစ်ခု* ရှိသော သူ၏ ကွယ်ကာခြင်း လက်တော်ကို နတ်ဆိုးများ၏ ကိုယ်စားလှယ်များထံမှ ရုတ်သိမ်းတော်မူလိမ့်မည်။"[၆]

ဤကမ္ဘာ၏နောက်ဆုံးအချိန်မှာ လူအုပ်စုနှစ်စုပဲရှိလိမ့်မည်ဟု စီအစ်စ် လူးဝစ်စ်က ပြောခဲ့ပါ သည်။ ကိုယ်တော့် အလိုတော်ရှိသည် အတိုင်းဖြစ်ပါစေသောဟု ဆုတောင်းသောသူတို့နှင့်၊ ဘုရားသခင်က သင်တို့ အလိုရှိသည်အတိုင်း ဖြစ်ပါစေဟု အပြောခံရသူများ ဖြစ်ကြသည်။ ဘုရားသခင်၏ မေတ္တာတော်အမျက်ဆိုသည်မှာ အပြစ်သားကို သူ့ရွေးချယ်မှု၊ သူ့ဆုံးဖြတ်ချက်အတိုင်း ခွင့်ပြုပေးလိုက်ခြင်းပင် ဖြစ်သည်။

# ပုံပြင်အဖြစ်အပျက်- မတရား သဘောထားကြီးသော ဖခင်

သခင်ယေရှုသည် သူ၏ခမည်းတော်နှင့်ပတ်သက်သော ဤအံ့ဖွယ်အမှန်တရားကို ဖော်ပြရန် ညီအစ်ကို နှစ်ဦး၏ပုံပြင်ကို သရုပ်ဖော်ခြင်းအားဖြင့် ပုံပမာပြောခဲ့သည်။ အစ်ကိုဖြစ်သူသည် အလုပ်ကြိုးစားသောသူ ဖြစ်သည်။ ညီဖြစ်သူသည် အပျော်အပါးကို ကြိုက်သည်။ ဖခင်သည် အိုမင်းလာပြီး မကြာမှီ သူတို့သည် မိသားစုအမွေကို ပိုင်ဆိုင်လာကြတော့မည်ဖြစ်သည်။?

သို့သော် အပျော်အပါးကြိုက်သော အငယ်သည် မစောင့်နိုင်တော့ပေ။ ထို့နောက် တစ်နေ့တွင် သားငယ်က အမွေပိုင်ဆိုင်လိုသောကြောင့် ဖခင်ကို ကွယ်လွန်စေချင်သော သဘောဆောင်သည့် စကားများ ဖခင်အပေါ်ပြောခဲ့သည်။ “ကျွန်ုပ်ပိုင်ဆိုင်မှုကို ကျွန်ုပ်အားပေးပါ၊ သို့မှသာ ကျွန်ုပ်သည် မိမိသွားရမည့် လမ်းကို လျှောက်လှမ်းနိုင်ပြီး၊ ဘဝကို ဖြတ်သန်းနိုင်မှာ ဖြစ်ကြောင်းပြောပြီး၊ အမွေကိုတောင်း၍ ထွက်သွားခဲ့သည်။” ထိုအချိန်တွင် ဖခင်သည် အကြီးအကျယ် စိတ်ထိခိုက်ခဲ့သည်။ သူ့သား မိုက်မဲသော်လည်း သားကို သူချစ်နေတုန်းဖြစ်သည်။ သူ့ထံမှ နှုတ်ဆက်ပြီး ထွက်သွားသည်ကို ဝမ်းနည်းစွာဖြင့် သူငေးကြည့်နေခဲ့သည်။

သူငယ်သည် မြို့ကြီးများသို့သွားပြီး၊ အချိန်ကောင်းများစွာ ဖြုန်းတီးခဲ့သည်။ သူ့ကိုချူစားသော သူငယ်ချင်းများနှင့် အတူစားသောက်ပျော်ပါးပြီး သူ့သူငယ်ချင်းများသည် ပိုက်ဆံ မကုန်ခင် အထိသာ နေကြသည်။ သူသည် ဆိုးရွားသည့်အခြေအနေနှင့်အတူ ဒုက္ခရောက်လာခဲ့သည်။ အလုပ်ရှာသော်လည်း မရရှိခဲ့ပါ။ နောက်ဆုံးတွင် စွန့်ပစ်သည့် စားကြွင်းစားကျန် စားရသည့်အထိ ဖြစ်လာခဲ့သည်။ ထို့နောက် အိမ်ကိုပြန်ဖို့ သူ စိတ်ဆုံးဖြတ်ခဲ့သည်။ အလုပ်သမားကဲ့သို့ အလုပ်လုပ်ပြီး၊ တစ်နေ့နေ့ တချိန်ချိန်တွင်သူ့အဖေကို ငွေပြန်ဆပ်နိုင်သည့်အထိ ပိုက်ဆံစုနိုင်ကောင်း စုနိုင်ပါလိမ့်မည်။

အိမ်သို့ရောက်ခါနီးသောအခါ၊ သူကြောင့် ဖခင်သည် မိသားစုပိုင်ဆိုင်မှုများ၏ ထက်ဝက်ကို ရောင်းထုတ်ခဲ့ပြီးဖြစ်ကြောင်း သတိရလိုက်သည်။ ဘတ်ဂျက်နည်းပါးမှုကြောင့် အဖေ အငြိမ်းစားမယူနိုင်ဘဲ အစ်ကို့ လယ်ယာလုပ်ငန်းကို ပါဝင် ကူလုပ်နေရတော့မည်။ မိမိ၏ တစ်ကိုယ်ကောင်းဆန်မှုကြောင့် ဤအရာအားလုံးဖြစ်ပျက်ရသည်ဟူသော ကြီးစွာ စိတ်ထိခိုက်စေသော အပြစ်က  သူ့ကို ဆက်မသွားတော့ရန် ရပ်တန့်တော့မတတ်ဖြစ်ခဲ့သည်။

# သားငယ်သည် သူ့၏နားကို မယုံနိုင်ခြင်း



သားငယ်သည် ဆက်မသွားတော့ဘဲ၊ ပြန်လှည့်ထွက်သွားတော့မည်ဟု ဟန်ပြင်နေစဉ်တွင် ဖခင်အိုသည် ရင်ကိုဖွင့်ကာ မိမိဘက်သို့ ဦးတည်လျက် လမ်းမထက်တွင် “အိုး သား၊ ငါ့သား! သားသေပြီလို့ အဖေ ထင်ခဲ့တယ်၊ ဒါပေမယ့် အသက်ရှင်ပြီး အိမ်ပြန်လာခဲ့တယ်။ သား အိမ်ကို တဖန်ပြန်လာခွင့်ရတာ အလွန်အံ့ဩဖွယ်ကောင်းလှပါသည်တကား!” ဟု ကြွေးကြော်လျှက် ပြေးလာနေသည်ကို သူတွေ့နေရသည်။

သားငယ်သည်လည်း သူ၏နားကိုမယုံနိုင် ဖြစ်ခဲ့သည်။ အဖေသည် သားဖြစ်သူ၏ အရှက်ရစရာအသွင်ပြင်ကို ဘယ်သူမှမမြင်စေရန် အိမ်ဘေးတံခါးဝမှ ခိုးခေါ်ခဲ့သည်။ သူ့၏ အကောင်းဆုံး ဝတ်စုံကို ဝတ်ပေးလိုက်သည်။ “ငါ့သားတစ်ယောက်မှ ခြေသလုံးအိမ်တိုင်ဘဝနဲ့ လူလေလူလွင့်ပုံပေါက်နေလို့ အိမ်ပြန်လာရတာ ရှက်စရာကောင်းတယ်ဆိုတာမျိုး မဖြစ်စေရဘူး။” သားဖြစ်သူပြန်လာရန် တောင်းပန်ရေးခဲ့တဲ့ ပေးစာတွေအကြောင်း သားဖြစ်သူကို ဖခင်က တချိန်လုံးပြောနေတော့သည်။ လေလွင့်ရာမှာ အိမ်ပြန်ရောက်လာသည့် သားငယ်သည် အိမ်တော်၏ လက်ပါးစေအဖြစ်ခန့်ဖို့ ခွင့်တောင်းရန် အခွင့်ရေးပင် မရတော့ပေ။ အကြောင်းမှာ ဖခင်ဖြစ်သူသည် သားဖြစ်သူ အိမ်ပြန်ရောက်ပြီဖြစ်သောကြောင့် မိသားစုပြန်လည်ဆုံစည်းခြင်းအခမ်းနားကို ကြွရောက်လာရန် ဆွေမျိုးများ၊ အိမ်နီးချင်း မိတ်ဆွေများကို ဖုန်းခေါ် ဖိတ်ကြားနေပေပြီ။ ဤပုံပြင်သည် အဘယ်မျှလောက် အဓိပ္ပာယ်ပြည့်ဝတဲ့ ပုံပြင်ဖြစ်ပါသလဲ။ မေတ္တာတရား၊ ခွင့်လွှတ်ခြင်းတရားများဖြင့် မတရား သဘောထားကြီးသော ဖခင်ကြီးဖြစ်ပါသည်။

# အစ်ကိုဖြစ်သူ

သို့သော် ပုံပြင်သည် ဤနေရာတွင် မပြီးဆုံးသေးပါ။ အဘယ်ကြောင့်ဆိုသော် အစ်ကိုဖြစ်သူသည် အလုပ်မှ ပြန်လာသောအခါ အိမ်မှာသားငယ် ပြန်လာသောကြောင့် ပွဲလမ်းသဘင် ကျင်းပနေသည့် အသံများကို ကြားလိုက်ရသည်။ “အခု ခဏရပ်ဆိုင်းပေး ပါ။” ဟုပြောပြီး၊ သားကြီးက ဖခင်ကို “ကျွန်တော် နှစ်ပေါင်းများစွာ အိမ်မှာ နေပြီး ဒီနေရာကို အောင်မြင်ကြီးပွားလာအောင် အပြင်းထန်ကြိုးစားလုပ်ကိုင်ပေးခဲ့တယ်။ ဒါပေမယ့် ကျွန်ုပ် အတွက် ဘယ်သူကမှ တစ်ခါမှ ဒီလိုကြီးကျယ်ခမ်းနားတဲ့ ပွဲမျိုးမကျင်းပပေးခဲ့ဖူးဘူး။ ဒါပေမယ့် အဖေ့ရဲ့ ဒီသားက အဖေ့ကို မထီမဲ့မြင်ပြုခဲ့တယ်၊ အဖေ့ကို နာမည်ပျက်အောင်လုပ်တယ်၊ အဖေတစ်သက်တာ စုဆောင်းခဲ့သမျှထဲက တစ်ဝက်ကို ယူသွားပြီတော့ အရက်သေစာ သောက်စား၊ မိန်းမတွေနဲ့ ပျော်ပါး သီချင်းဆိုဖို့ သုံးဖြုန်းပစ်လိုက်တယ်။ ယခု ဒီလူဆိုးကောင် ပြန်လာတော့လည်း အဖေက ရင်ကိုဖွင့်ပြီး ကြိုဆိုတယ်။ အေး...အဖေ့လုပ်ရက်က သားကို ဒေါသလောင်ကျွမ်း စေတယ်။ သူ့ကိုပဲ ဂရုစိုက်ခယပေးနေလိုက်၊ သားကတော့ အိမ်ထဲ ဝင်ကိုဝင်မလာဘူး။ မင်းတို့နှစ်ယောက်... ငါ့ရဲ့ လက်သည်းတွေ ထွက်ကျလောက်အောင် ငါ့ကို ဒေါသထွက်အောင် လာလုပ်နေတယ်။” ဟု ပြောလိုက်၏။

ယခု၊ ဘာကြောင့် သခင်ယေရှုသည် ပျောက်သောသား အိမ်ပြန်ရောက်၍ ဝမ်းမြောက်စွာ ပြန်လည်ဆုံစည်းခြင်းနှင့် သူ၏ပုံပြင်ကို အဆုံးမသတ်ခဲ့သနည်း။ ဘာကြောင့် အစ်ဖြစ်သူ၏အကြောင်းကို ဆွဲထည့်ပြီး ပြောပြရသနည်း။ အကြောင်းမှာ သူသည် အလွန်အရေးကြီး သောအချက်များကို ဖော်ပြချင်သောကြောင့် ဖြစ်သည်-

၁. ဘုရားသခင်သည် သူ့ကိုချစ်ရန်ဘယ်သောအခါမျှ ကျွန်ုပ်တို့ကိုအတင်းအကျပ်မပြုဘဲ၊ ကျွန်ုပ်တို့ကို လုပ်ချင်ရာ လုပ်ခွင့်ပြုသည်။

၂. ကျွန်ုပ်တို့၏ဖခင်ကဲ့သို့ သူသည် ကျွန်ုပ်တို့၏ဂုဏ်သတင်းအပေါ် မနာလိုတတ်သောကြောင့် အရှက်တရားများမှ ကာကွယ်ပေးသည်။

၃. ကျွန်ုပ်တို့သည် ဘုရားသခင်ကိုငြင်းပယ်သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဘယ်တော့မှ မငြင်းပယ်ပေ။

၄. ထို့နောက်၊ သူသည် ကျွန်ုပ်တို့အပေါ် တောင်းပန်တတ်သူလည်း ဖြစ်ပါသည်။ အစ်ကိုဖြစ်သူသည် “စိတ်ဆိုးပြီး အိမ်ထဲမဝင်ချင်ခဲ့ပေ။ အဘသည် သူ့ဆီသို့သွား၍ ချော့မော့ပြီး သူ့ကို တောင်းပန်ခဲ့လေ၏။”

သားတစ်ဦးသည် ဖော်ရွေမှုကင်းသောလက်ခံခြင်းကို မျှော်လင့်ခဲ့သော်လည်း နွေးထွေးသောကြိုဆိုမှု အခမ်းနားကြောင့် အံ့အားသင့်ခဲ့ရသည်။ အခြားတစ်ယောက်သည်

အဖေဘက်မှ လက်စား ချေခြင်းကို မျှော်လင့်ခဲ့သော်လည်း ဖခင်၏ခွင့်လွှတ်မှုကို တွေ့မြင်ရသည့်အတွက် စိတ်ပျက်ခဲ့သည်။

## အစ်ကိုဖြစ်သူများ

သမ္မာကျမ်းစာတွင် အစ်ကိုဖြစ်သူများအကြောင်း များစွာရှိသည်။ ကာဣနသည် ဘုရားသခင်၏ လမ်းစဉ်ကိုလိုက်ရန် ငြင်းဆန်ခဲ့ပြီး ဘုရားသခင်၏ အလိုတော်အတိုင်း လိုက်လျှောက်သော သူ့ညီကိုလည်း မုန်းတီးခဲ့သည်။ ယောသပ်၏အစ်ကိုများက ယောသပ်ကိုသတ်ရန် ပူးပေါင်းကြံစည်ခဲ့ကြသည်။ ဧသောသည် ယာကုပ်ကိုမုန်းသောကြောင့် သူ့ညီ ယာကုပ်ထံကို စစ်ချီသွားခဲ့သည်။ အစ်ကိုဖြစ်သူတိုင်းသည် သူတို့မြင်တွေ့ရသော ညီငယ်များ၏ ကောင်းမြတ်မှုကို ဂရုမစိုက်အလေးမထားခဲ့ကြချေ။ တစ်ယောက်ချင်းစီတိုင်းသည် သူတို့၏ အသက်တာ ထဲတွင်လည်း ထိုကဲ့သို့သော ကောင်းမြတ်မှုမျိုးကို လက်ခံရန် ဘုရားသခင်၏ ဖိတ်ကြားချက်ကို ငြင်းပယ်ခဲ့ကြသည်။

ဥပမာ၊ ကြက်ကလေးငယ်များကို မိခင်ကြက်မက စုသိမ်းသကဲ့သို့ သခင်ယေရှုသည် သူ၏တောင်ပံများအောက်တွင် စုသိမ်းခွင့်ပြုရန် ဂျူးလူမျိုး၏အသက်ကြီးသူများကို တောင်းဆိုခဲ့သည်။ 'သို့သော်၊ သူတို့အလိုမရှိကြပေ။' “ဘယ်အရာက ယုဒလူတို့ကို ပျက်စီးခြင်းသို့ ရောက်စေခဲ့သနည်း။ ဘုရားသခင်၏ကောင်းမြတ်ခြင်းကို စက်ဆုပ်မုန်းတီးခြင်း၊ ဖြောင့်မတ်ခြင်းကို ငြင်းပယ်ခြင်းနှင့် သနားခြင်းဂရုဏာတော်ကို စော်ကားခြင်းတို့ကြောင့် ဖြစ်သည်။”[၈]

ဘုရားသခင်သည် ဂျူးလူမျိုးများကိုဘယ်သောအခါမျှ မငြင်းပယ်ခဲ့ပါ။ သူ့တို့ကသာ ဘုရားသခင်ကို ငြင်းပယ်ခဲ့ကြသည်။ ရှင်ပေါလုက သူတို့သည် ဘုရားသခင့်နှုတ်ကပါတ်တော်ကို သူတို့ကိုယ်တိုင် မိမိတို့ထံမှ ဖယ်ထုတ်ကြပြီး၊ ထာဝရအသက်နှင့်မထိုက်တန်ဟု မိမိကိုယ်ကို သတ်မှတ်ခဲ့ကြသည်ဟု ပြောခဲ့ပါသည်။ ထို့ကြောင့် တပါးအမျိုးသားများထံ လွှဲပြောင်းပေးခဲ့သည်။[၉] သို့သော် ဘုရားသခင်သည် နောက်ဆုံးတွင် မည်သူ့ကိုမဆို ငြင်းပယ်မည့် အချိန်ခါရောက်လာမလား။ လာလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကရုဏာကာလ ကုန်ဆုံးချိန်အကြောင်းပြောတဲ့အခါ ကရုဏာကုန်ဆုံးခြင်းဆိုသည်မှာ ဘုရားသခင်ပြုသော အရာမဟုတ်ဘဲ၊ ကျွန်တော်တို့ ပြုတဲ့ ဆုံးဖြတ်ချက်သာ ဖြစ်ပါသည်။

> အကောင်းနှင့်အဆိုးတိုက်လှန်ပွဲ အစပြုကတည်းက၊ ဘုရားသခင်သည် သူတို့၏ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့် မထိုက်တန်ဟု ကောင်းကင်တမန်များနှင့် လူတို့အား စာတန်၏သွေး ဆောင်စည်းရုံးခြင်းသည် သူလေ့လာထားသော ရည်ရွယ်ချက်ဖြစ်သည်။ သူသည် ဖန်ဆင်းရှင်ကို မိမိ၏ အခွင့်အာဏာကိုပြသရန်နှင့် သူတို့၏နာခံမှုကိုစမ်းသပ်ရန်သာလျှင်

မိမိလူမျိုးကိုမတရား တောင်းဆိုမှုများကိုချထားသည့် ရက်စက်ကြမ်းကြုတ်သော အာဏာရှင်အဖြစ် ဖော်ပြခဲ့သည်။ ဤလွဲမှားသော ဧဝံဂေလိတရား (ဘုရားသခင့်မေတ္တာတော်အကြောင်း) သည် ယေရှုကို နက်ရှိုင်းစွာ ခံစားစေသောအရာပင်ဖြစ်သည်။ အဆိုးဆုံးအခြေအနေဖြစ်နေသည့် အပြစ်သားများအပေါ် ယေရှု နူးညံ့သိမ်မွေ့တော်မူသည်။ သို့သော် ဘာသာရေးခေါင်းဆောင်တချို့က ဘုရားသခင်နှင့် ပတ်သက်ပြီး စာတန်၏လိမ်လည်မှုကို ပဲ့တင်ထပ်စေလိုက်တဲ့အခါ၊ သခင်ခရစ်တော်သည် ထို ကြောက်မက်ဖွယ် စကားများကိုပြောခဲ့သည်မှာ- "သင်တို့သည် သင်တို့အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်ကြ၏။"

သခင်ယေရှုနှင့် ထိုဆရာများသည် ဥပုသ်နေ့သည်မည်သည့်နေ့၊ ဘုရားသခင်တည်ရှိခြင်း၊ ဖန်ဆင်းခြင်းအကြောင်းနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုမရှိခဲ့ပါ။ သူတို့၏သဘောထား ကွဲလွဲမှုမှာ ဘုရားသခင်၏စရိုက်လက္ခဏာဖြစ်သည်။ သူတို့လုပ်ဆောင်နေကျ တူညီသော အရာများစွာကို မတူသောအမြင်(သို့)ရည်ရွယ်ချက်ဖြင့် ဆက်လက်လုပ်ဆောင်နိုင်ရန် သခင်ယေရှုက သူတို့ထံ ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကို ယူလာရန်လာခဲ့သော်လည်း ဘုရားသခင်အပေါ် သူတို့၏အမြင်ကို ပြောင်းလဲပစ်မည့်အစား သူ့ကိုသတ်ခဲ့ကြသည်။



သူတို့သည် သူတို့၏အမြင်ကို ဘယ်နေရာက ရခဲ့ကြသနည်း။ "အပြစ်၏မူလအမြစ်၊ အပြစ်၏အကျိုးဆက်များအားလုံး၏ အရင်းမြစ် စာတန်သည် လူတို့အား ရောဂါများနှင့် သေခြင်းတရားသည် ဘုရားသခင်ထံမှ လာပြီး၊ အပြစ်ကြောင့် မတရား နှိပ်စက်ပြစ်ဒဏ်ပေးခြင်းဖြစ်သည်ဟု လူတို့အားယူမှတ်စေခဲ့သည်။

ထို့ကြောင့် ဂျူးလူမျိုးများ ယေရှုကိုငြင်းပယ်ရန်အတွက် နည်းလမ်းကို ပြင်ဆင်ပေးခဲ့ သည်။"[၁၁] ဘာကြောင့်လဲ။ ယေရှုကို လက်ဝါးကပ်တိုင်တွင် ချိတ်ဆွဲထားစဉ်၊ ဘာကြောင့် သူသည် အပြစ်ကြီးသူဖြစ်ကြောင်း ငြင်း၍ မရသော သက်သေဖြစ်သည်။ အလွန်ဆိုးသောသူတစ်ယောက်

မဟုတ်ရင် ဒီလို ဝေဒနာခံစားရမှာမဟုတ်ဘူးလို့ သုံးနှုန်းပြောဆိုခဲ့ကြတာလဲ။ သူက ဆိုးသော သူလား။ ဆိုးသော ဘုရားသခင်၏ သားတော်လား။ လုံးဝ မဖြစ်နိုင်ပါ။

## ပုံပြင်အဖြစ်အပျက်- ယုဒရှကာရုတ်အကြောင်း

လူစီဖာ၏စိတ်ကို ယုဒရှကာရုတ်၏ အသက်တာတွင် တွေ့နိုင်ပါသည်။ ယုဒရှကာရုတ်သည် ရည်းမှန်းချက်ကြီးသူ ဖြစ်သည်။ ယေရှု၌ သူ့လို ရည်မှန်းချက်ကြီးခြင်းမျိုး မရှိသည်ကို တွေ့ရသောအခါ သူစိတ်ပျက်ခဲ့သည်။ ထို့ကြောင့် သူသည် သခင်ယေရှုကို မေရှိယကဲ့သို့ ပြုမူရန် လိုအပ်မည့် အခြေနေသို့ တွန်းအားပေးမည့်အစီစဉ်ကို လုပ်ဆောင်ခဲ့သည်။ ယုဒရှကာရုတ်သည် သူ့၏အလွန်ထက်သောဗျူဟာအတွက် ဂုဏ်တင်ခြင်းခံရပြီး၊ သူရဲကောင်းတစ်ဦးအဖြစ် ကြေငြာခြင်း ခံချင်ခဲ့သည်။ သခင်ယေရှုသည် သူနှင့် ပူးပေါင်းဆောင်ရွက်ရန်မပြုခဲ့လျှင်၊ သူက ဘာပဲဖြစ်ဖြစ် မေရှိယဖြစ်မှာမဟုတ်။ တစ်နည်းအားဖြင့် ယုဒသည် ငွေ ၃၀ ပိုချမ်းသာလိမ့်မည်။ သူ၌ အရှုံးမရှိ။

သို့သော် ယုဒရှကာရုတ်သည် သခင်ယေရှု၏စိတ်တော်ကို မသိခဲ့ပါ။ သခင်ယေရှုသည် မိမိကိုယ်ကို ဂုဏ်သတင်းမရှိကြောင်းပြပြီး၊ အစေခံတစ်ဦးအသွင်ယူကာ ပြုမူသောအခါ [၁၂] သူ၏အပြုမူသည် လူစီဖာကိုပင် အံ့အားသင့်စေခဲ့သည်။ ဘုရားသခင်ဘက်မှ ထိုသို့ပြုမူလိမ့်မည်ဟု သူတို့တစ်ဦး တစ်ယောက်မျှ မျှော်လင့်မထားခဲ့ကြချေ။ စာတန်သည်လည်း ဤကဲ့သို့ လုံးဝမစဉ်းစားမိခဲ့ပေ။ ထိုကဲ့သို့သော အပြုမူသည် သူ့အတွက် စိမ်းနေပြီး ရှုံစရာဖြစ်နေသည်။ ဘုရားသခင်၏သားတော်သည် မိမိကိုယ်ကို နှိမ့်ချလိမ့်မည်ဟု သူ မစဉ်းစားနိုင်ခဲ့ပါ။ ဘုရားသခင်သည် ရှုံးနိမ့်မှု၌ အောင်ပွဲခံနိုင်ကြောင်း သူ၏တစ်ကိုယ်ကောင်းဆန်သော ဦးနှောက်ထဲသို့ တစ်ခါမျှမဝင်ဖူးပါ။ သခင်ယေရှုသည် သေခြင်းဖြင့် ဘီလီယံချီသောလူသားများအတွက် အသက်ယူဆောင်ပေးနိုင်ခဲ့သည်။ ၎င်းသည် လူစီဖာအတွက် ရှုးသွမ်စရာဖြစ်သည်သာမက အံ့အားသင့်စရာလည်း ဖြစ်နေသည်။ စာတန်တွေးထားသည်မှာ သူသည်ဘုရားသခင်ကို ဒုက္ခပေးခဲ့သလို ဘုရားသခင်က သူ့ကို ဒုက္ခဘေးန္တရယ်ပေးလိမ့်မည်ဟူ၍ ဖြစ်သည်။ သို့သော် သူ့အထင်သည် မှားယွင်းခဲ့ပါသည်။

> "သင်၏နှုတ်ကို ဒုစရိုက်၌အပ်နှံ၍၊ သင်၏လျှာဖြင့်မုသာကို စီရင်တတ်၏။... ထိုသို့ ကျင့်၍ ငါသည် တိတ်ဆိတ်စွာနေသောကြောင့်၊ ငါကို သင်နှင့်တူသည်ဟု ထင်လေပြီတကား။" [၁၃]

ထို့ကြောင့် ဘုရားသခင်၏ အကြံစည်သည် ကျွန်တော်တို့၏ အကြံစည်နဲ့မတူပါ။ (ဟေရှာယ ၅၅း၈)- သူသည် ကျွန်တော်တို့ စဉ်းစားသလို မစဉ်းစားပါ။

# ချစ်ခြင်းမေတ္တာ၏အသွင်အပြင်

ထို့နောက် ယုဒရှကာယုတ်သည် ယေရှု စော်ကားအနိုင်ကျင့်မှု ခံယူသည်ကို တွေ့ရသောအခါ စိုးရိမ်ပူပန်လာခဲ့သည်။ ထို့နောက် လိပ်ပြာမသန့်ဖြစ်လာပြီး အလွန်အမင်းစိုးရိမ်လာခဲ့သည်။ ခရစ်တော်သည် အပြစ်မဲ့ကြောင်းနှင့် သူသည် ခရစ်တော်ကို သစ္စာဖောက်မိကြောင်း ကြွေးကြော်ခဲ့သော်၊ ယဇ်ပုရောဟိတ်များက သူ့ကို အထင်သေးသောအကြည့်များနှင့် ကြည့်ခဲ့ကြသည်။ သို့သော် ကယ်တင်ရှင်ကမူ သနားသဖြင့် ဝမ်းနည်းသော အကြည့်ဖြင့် သူ့ကို ကြည့်ခဲ့သည်။ ကယ်တင်ရှင်၏ ထိုအကြည့်သည် ပေတရုကို ရင်ကွဲနာကျလျက် နောင်တတရား ရစေခဲ့သော အကြည့်ဖြစ်သော်လည်း၊ ယုဒရှကာယုတ်ကမူ မိမိကိုယ်ကို အဆုံးစီရင်ခဲ့ပါသည်။ ထိုနည်းတူစွာပင် ဘုရားသခင်သည် ရွေးနုတ်ခံရသောသူများနှင့် ပျောက်ဆုံးသောသူများအပေါ် တန်းတူညီစွာ ဆက်ဆံပါသည်။



## ကာကွယ်စောင့်ရှောက်သော ဘုရား

ဘုရားသခင်၏မေတ္တာ၊ဒေါသကို ပျက်စီးယိုယွင်းတတ်သော ဖန်ဆင်းခြင်း အရာများအတွက် သနားကြင်နာစွာဖြင့် ကွယ်ကာပေးခြင်း အဖြစ်လည်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ ဓမ္မဟောင်းအချိန်တွင် ဘုရားသခင်သည် ကာကွယ်စောင့်ရှောက်သော ဘုရားသခင်ဖြစ်သည်။ အိမ်တစ်အိမ်စီတွင် သိုးသငယ်ကိုပူဇော်ပြီး တံခါးကို အသွေးဖြင့်သုတ်ထားရန် မောရှေအား သူညွှန်ကြားခဲ့သည်။ "တံခါးထုပ်နှင့် တံခါးတိုင်နှစ်ဘက်၌ရှိသော အသွေး ကိုမြင်သောအခါ၊ ထာဝရဘုရားသည် တံခါးကို လွန်သွားတော် မူမည်၊ ဖျက်ဆီးသောသူသည် သင်တို့ကို ဒဏ်ခတ်ခြင်းငှာ၊ အိမ်ထဲသို့ ဝင်ရသောအခွင့်ကိုပေးတော်မမူ။" ထွက်မြောက်ရာ ကျမ်း ၁၂း ၂၃။ " ကယ်တင်ရှင်၏ ကွယ်ကာပေးခြင်း အမှတ်လက္ခဏာဖြစ်သော အသွေးကို သူတို့ အိမ်တံခါးထုပ်ပေါ်တွင် သုတ်ထားသောကြောင့် ဖျက်ဆီးသောသူသည် လွန်သွားခဲ့ပါသည်။"[၁၄]

## ဖျက်ဆီးသောသူ

တောလည်ရာကျမ်း ၂၁း၆ တွင် မှတ်တမ်းတင်ထားသည်မှာ “ထိုအခါ ထာဝရဘုရားသည်၊ ဣသရေလအမျိုးသားတို့တွင် မီးမြွေများကို စေလွှတ်တော်မူ၍…” သို့သော် မြွေများသည် အချိန်တိုင်း ထိုနေရာတွင် ရှိနှင့်ခဲ့သည်ကိုလည်း ကျွန်ုပ်တို့အားအသိပေးထားပါသည်။[၁၅] ဣသရေလလူမျိုးတို့သည် ညည်းညူခြင်းဖြင့် ဘုရားသခင်အတူပါရှိခြင်း၏ သက်သေကို ငြင်းပယ်သောအခါ၊ ဘုရား၏ ကွယ်ကာသောလက်ကို အတင်းဖယ်ရှားခိုင်းသလိုဖြစ်လာပြီး၊ သူတို့သည် သဲကန္တာရ၏ သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် ရှင်ပေါလုပြောသည်မှာ ‘သူတို့သည် ညည်းတွားမြည်တမ်းကြသောအခါ ဖျက်ဆီးသောသူသည် သူတို့ကို ဖျက်စီးခဲ့၏။’[၁၆] ကောင်းကင်တမန်များက အကြိမ်ပေါင်းများစွာ “ဖျက်ဆီးသူ၏ရည်ရွယ်ချက်ကို ပျက်ပြားစေကြောင်း၊ ဖျက်ဆီးသူ၏ ဒဏ်ချက်ကို ဖယ်ရှားပေးခဲ့ကြောင်းကို”[၁၇] ကျွန်ုပ်တို့ ဖတ်ရှုရသည်။

> ၎င်းသည် စာတန်၏ထိန်းချုပ်မှုအောက်တွင် အပြည့်အဝမရောက်စေရန် လူသားတို့အား ကာကွယ်ပေးသော ဘုရား သခင်၏ထိန်းချုပ်သောတန်ခိုး ဖြစ်သည်။… သို့သော် လူတို့သည် ဘုရားသခင်၏ ကာကွယ်ထိန်းချုပ်ခြင်း ကန့်သတ်ချက်ကို ကျော်လွန်သွားသောအခါ၊ ၎င်းအထိန်းသည် ဖယ်ရှားပစ်ခြင်း ခံရသည်။ ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးမှုတိုင်းသည် ပျိုးထားသော မျိုးစေ့ဖြစ်ပြီး၊ ၎င်းသည် မလွှဲမသွေ ရိတ်သိမ်းချိန်ကာလကို ဖြစ်ထွန်းစေသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် အမြဲလိုလို ခုခံတွန်းလှန်ခြင်းခံရပြီး၊ နောက်ဆုံးတွင် အပြစ်သားများထံမှ နှုတ်ထွက်သွားသည်။ ထိုအချိန်တွင် စိတ်ဝိညာဉ်၏မကောင်းသော ကိလေသာများကို ထိန်းချုပ်ရန် တန်ခိုးမရှိတော့ပါ။ စာတန်၏မုန်းတီးခြင်းနှင့် ရန်ငြိုးထားခြင်းမှ အကာအကွယ်မရှိတော့ပေ။
> ၁၈

လက်စားချေခြင်းသည် ဘုရားသခင်ထံမှလာသော အာဏာဆန်သောတန်ခိုး၏ လုပ်ဆောင်ချက်မဟုတ်ပါ။ သို့သော် သူ၏ ကရုဏာတော်ကို ငြင်းပယ်သောသူများသည် သူတို့စိုက်သည့်အတိုင်း ရိတ်သိမ်းကြရမည် ဖြစ်သည်။

> ဘုရားသခင်သည် **အသက်၏မူလအုတ်မြစ်ဖြစ်သည်။** လူတစ်ယောက်သည် အပြစ်တရားကို ရွေးချယ်လိုက်လျှင် သူသည် ဘုရားထံမှ ဝေးကွာသွားသည်။ ထို့ကြောင့် မိမိကိုယ်ကို အသက်မှ ဖြတ်တောက်ပစ်ခြင်းဖြစ်သည်။ သူတို့သည် မိမိတို့စရိုက်လက္ခဏာများကို ပြုပြင်တိုးတက်စေပြီး၊ သူတို့၏ သဘောထားများကို ဖော်ပြနိုင်ရန် အချိန်အတိုင်းတာတစ်ခုထိ

> ဘုရားသခင် သူတို့ကို တည်ရှိစေသည်။ အချိန် ပြီးမြောက်၊ ပြည့်စုံသောအခါ သူတို့သည် မိမိတို့ကိုယ်ပိုင်ရွေးချယ်မှု၏ရလဒ်များကို လက်ခံရရှိသည်။ [၁၉]

ကျွန်ုပ်တို့သည် သူ့ကိုလက်ခံခွင့်ပြုလျှင်၊ ဘုရားသခင်သည် ဖျက်ဆီးသောသူထံမှ ကာကွယ်ပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သူ့ကိုလက်ခံခွင်မပြုလျှင်၊ ထိုအကာအကွယ်ကို လက်မခံသောကြောင့် ကျွန်ုပ်တို့၏ ရွေးချယ်မှုကို သူအသိမှတ်ပြုပြီး၊ သူ့၏လက်တော်ကို ရုပ်သိမ်းလိုက်သည်။ ထို့အတူ ရှင်ပေါလုပြောသည်မှာ- "ကျွန်ုပ်တို့၏အပြစ်ကျူးလွန်သောနှလုံးသားကို ကိုယ်တော်သည် အခွင့်ပေးလိုက်ရသည်။" [၂၀]



> "ဘုရားသခင်သည် အပြစ်သားအပေါ် ကွပ်မျက်သူတစ်ယောက် ကဲ့သို့ ရှိမနေပါ။ သို့သော် သူ၏ကျေးဇူးဂရုဏာကို ငြင်းပယ်သောသူတို့အား သူတို့သဘောအတိုင်း ထားပြီး၊ သူတို့စိုက်သည့်အတိုင်း သူတို့ ရိတ်ကြရန်သာ ဖြစ်သည်။"[၂၁]
>
> "ရှေးကာလရေလူမျိုးများသည် ဘုရားသခင်အပေါ်သစ္စာရှိပြီး၊ သူ၏ ပညတ်တော်ကိုလည်း စောင့်ထိန်းကြသည့် အချိန်တွင် သူတို့ကို ဆန့်ကျင်ပြီး အောင်နိုင်သောအရာ ဤကမ္ဘာတွင် မရှိခဲ့ပေ။ သို့သော် သူတို့သည် ဘုရားသခင်၏ ပညတ်တရားများကို ချိုးဖောက်ခဲ့ကြသောအခါတွင် မိမိတို့ကိုယ်မိမိ ဘုရားထံမှ ဝေးကွာစေပြီး၊ ဖျက်ဆီးသောသူ၏ အာဏာတန်ခိုး လက်အောက်သို့ ကျရောက်ခဲ့ကြသည်သာ ဖြစ်သည်။ [၂၂]

## ပုံပြင်အဖြစ်အပျက်- မိရိအံ၏ နူနာရောဂါ

မိရိအံနှင့် အာရုန်သည် မောရှေကို အပြစ်တင်လျက်ပြောသောအခါ၊ "ထာဝရဘုရားသည် အမျက်တော်ထွက်၍ သူတို့ထံမှ ထွက်သွားခဲ့သည်။ မိုးတိမ်သည် တဲတော်အပေါ်မှ ကွာသွားခဲ့သည်။ မိရိအံသည်လည်း၊ နူနာစွဲ၍ မိုးပွင့်ကဲ့သို့ ဖြူလေသည်။" [၂၃]

ဘုရားသခင်၏နည်းလမ်းများသည် ကျွန်ုပ်တို့၏နည်းလမ်းနှင့် အမှန်တကယ်ကွဲပြားခြားနားလှပါသည်။ ကျွန်ုပ်တို့သည် တစ်စုံတစ်ဦးကို အမျက်ဒေါသထွက်သောအခါ၊ သူ့တို့ထံသွားပြီး တိုက်ခိုက်၊ နာကျင်အောင်လုပ်တတ်ကြသည်။ သို့သော် ဘုရားသခင်သည် အမျက်တော်ထွက်သောအခါ အဝေးကို ထွက်ခွာသွားသည်။

## ကျွန်ုပ်တို့ တိုက်ခိုက်သည်...
## ဘုရားသခင် အဝေးသို့ထွက်ခွာသွားသည်။



တဖန် ဘုရားသခင်သည် လက်ဝါးကပ်တိုင်မှာ အပြစ်ကို အဆုံးတွင် မည်သို့ ဖြေရှင်းမည်ကို ပြသခဲ့သည်။ "လက်ဝါးကပ်တိုင်သည် အခြားနက်နဲသောအရာရှိသမျှကို ကျွန်ုပ်တို့အတွက် ရှင်းပြပေးသည်။"

> ကရာနီကုန်းမှ စီးဆင်းနေသောအလင်း၌၊ ကျွန်ုပ်တို့ကို ကြောက်ရွံ့ ထိတ်လန့်စေခဲ့သော ဘုရားသခင်၏ စာရိတ္တတော်သည် လှပပြီး၊ ဆွဲဆောင်မှုသောအရာအဖြစ် ပေါ်လွင်လာပါသည်။ သူ၏စာရိတ္တတော်၏ ဂရုဏာပြည့်ဝသောသဏ္ဍာန်များကို ကျွန်ုပ်တို့ မြင်တွေ့ရပြီး၊ အလွန်နှစ်သက်ဖွယ်ကောင်းသော 'ကျွန်ုပ်တို့၏ အဖ" ဟူသောနာမ၏ အဓိပ္ပာယ် ရည်ရွယ်ချက်ကို အရင်က နားလည်ခြင်း မရှိခဲ့ဖူးသော နားလည်မှုမျိုးဖြင့်  ကျွန်တော်တို့ နားလည်သဘောပေါက်လာပါသည်။[၂၄]

## သေခြင်း၏ ကွဲပြားခြားနားသောပုံစံ

လက်ဝါးကားတိုင်ပေါ်မှာ သခင်ယေရှုသည် အပြစ်သားများ၏နေရာကို ယူလိုက်သည်။ ဘုရားသခင်သည် အသက်ရှင်သမျှသော အပြစ်သားများအပေါ် ဆက်ဆံသည့်နည်းတူ သူ့ (ယေရှု) အပေါ် တူညီစွာ ဆက်ဆံခဲ့ပါသည်။ ဤတွင် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ဒုတိယသေခြင်းနှင့် ညီမျှသော ဘုရားသခင်နှင့် လုံးလုံးဝေးကွာရခြင်းဖြစ်သော နောက်ဆုံးသေခြင်းနှင့် သေလွန်ခဲ့ပါသည် ။ [၂၅]

ဘုရားသခင်ထံမှ ဘာမျှမလိုချင်သော အပြစ်သား၏အနေအထားတွင် မိမိကိုယ်မိမိထားကာ၊ သူ့ကို တစ်ယောက်တည်းထားသွားဖို့ရန် ခမည်းတော်ထံ သူတောင်းဆိုခဲ့သည်။

ဘုရားသခင် ဝမ်းနည်းစွာဖြင့် သွားခွင့်ပေးလိုက်သောအခါ သူ၏တည်တံ့ခိုင်မြဲသော၊ အသက်ပေးနိုင်သော၊ အကာအကွယ်ပေးနိုင်စွမ်းအားများတို့ကို ရုပ်သိမ်းလိုက်ပါသည်။ အသက်စွမ်းအားများ ပျောက်ကွယ်သွားသည့်အတွက် အခုအချိန်တွင် ကြောက်မက်ဖွယ်ကောင်းသော အပြစ်တန်ခိုး၏လက်မှ မည်သည့်အရာမှ မကယ်တင်နိုင်တော့ပါ။

> ခရစ်တော်၏အသက်ကို ကားတိုင်ပေါ်တွင် လျင်မြန် စွာ အဆုံးသတ်စေခဲ့သောအရာသည် ကိုယ်ခန္ဓာခံစားရသော နာကျင်မှုဝေဒနာများ မဟုတ်ပါ။ ခရစ်တော်ကို အသက်ဆုံးစေသော အရာသည် ဤလောက၏ လေးလံသောအပြစ်ကြွေးများနှင့် သူ့ခမည်းတော်၏ အမျက်တော် (စွန့်ခွာထွက်သွားခြင်း) ဖြစ်ပါသည်။ ခမည်းတော်၏ ဘုန်းအသရေနှင့် ထောက်မခြင်း၊ အတူရှိမှုက သူ့ထံမှ စွန့်ခွာသွားခဲ့သည်။[၂၆]
>
> ဘုရားသခင်၏မြင့်မြတ်သောအလင်းတော်သည် သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားနေသည်။ ထို့နောက် သူသည်မှောင်မိုက်တန်ခိုး၏ လက်ထဲသို့ရောက်လေခဲ့သည်။... လူအပေါ်ကျရောက်မည့်  အမျက်ဒေါသသည် ယခု ခရစ်တော်အပေါ် ကျရောက်ခဲ့ရသည်။[၂၇]
>
> သူသည် အပြစ်တရားအားဖြင့် သူ့ခမည်းတော်နှင့်ကွဲကွာနေသည်ဟု ခံစားခဲ့ရသည်။... လူသား တစ်ယောက်အဖြစ်နှင့် သူသည် လူသားများ၏အပြစ် အကျိုးဆက်များကို ခံရမည်ဖြစ်သည်။ လူသားတစ်ဦးအနေဖြင့် သူသည်ဘုရားသခင်၏အမျက်ဒေါသကို ခံစားရမည်ဖြစ်သည်။[၂၈]

အံ့သြဖွယ်မရှိ သခင်ယေရှုငိုကြွေးသည်မှာ ‘အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် ကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။’[၂၉] အကျွန်ုပ်ကို အဘယ်ကြောင့်ကျောခိုင်းသနည်း။ အဘယ် ကြောင့် အကျွန်ုပ်ကို သွားခွင့်ပေးသနည်း။ သို့သော် ထိုသို့ ခရစ်တော်၏သေခြင်းသည် ဘုရား သခင်၏ လက်တော်ကြောင့် မဟုတ်ခဲ့ပါ။ ခမည်းတော်သည် သားတော်ကို မသတ်ခဲ့ပါ။ သခင် ယေရှုသည် ‘အကျွန်ုပ်ဘုရား အဘယ်ကြောင့် ငါ့ကိုသတ်သနည်း။’ ဟု မပြောခဲ့ပါ။ ကျွန်ုပ်တို့ သည် ဤယူဆချက်ကို သဘောပေါက်လောက်ပါပြီ။ ထို့နောက် ကျမ်းစာပြောသည်မှာ “ထာဝရဘုရား သည် သူ့ကို နှိပ်စက်ခြင်းငှါ အလိုတော်ရှိ၍ နာစေတော်မူ၏။”[၃၀]

သို့သော် ဘုရားသခင်သည် သူခွင့်ပြုသည့်အရာကို လုပ်ဆောင်သည်ဟု သမ္မာကျမ်းစာက ပြောထားလေ့ရှိသည်။[၃၁] အကြောင်းမှာ  ဘုရားသခင်သည် စကြဝဠာတစ်ခုလုံး၏ အဖြစ် အပျက်များအပေါ် အချုပ်အခြာအာဏာပိုင်သောသူ ဖြစ်သောကြောင့်လည်းကောင်း၊ သူက

အတွင်းပိုင်းတွင် ဖြစ်ပျက်သောအရာများအတွက်လည်း အပြည့်အဝတာဝန်ယူသောကြောင့်လည်း ဖြစ်သည်။ "သူ့ကို ဘုရားသခင်၏ ရိုက်နှက်ထားခြင်း၊ နှိပ်စက်ခြင်း၊ ဒဏ်ပေးခြင်းခံရ သူအဖြစ် ကျွန်တော်တို့ မြင်ကြသည်။" ဘုရားသခင်သည် သူ့ကို ဒဏ်ခတ်နေသည်ဟု ကျွန်ုပ်တို့ *ထင်ခဲ့ကြ* သည်။ သို့သော် အမှန်မှာ "သူသည် ကျွန်ုပ်တို့ လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်ခြင်းဝေဒနာခံရပြီး၊ ကျွန်ုပ်တို့ ဖေါက်ပြန်ခြင်းများကြောင့်၊ နာကျင်စွာထိုးနှက်ခြင်းကို ခံခဲ့ရသည်။"

ရာဇဝင်ချုပ် ပထမစောင် အခန်း ၁၀ တွင်၊ ရှောလုမင်းသည် "ထာဝရဘုရားကို ပြစ်မှားသောကြောင့် သေဆုံးခဲ့ရသည်။ ထို့ကြောင့် သူ့ကို ကွပ်မျက်ခဲ့လေသည်" ဤအကြောင်းကို ကျွန်ုပ်တို့ ဖတ်ရှုနိုင်သည်။ သို့သော် ဓမ္မရာဇဝင် ပထမစောင် ၃၁း၄ တွင် သူကိုယ်တိုင် မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည့်အကြောင်း အစစ်အမှန်ကို ကျွန်ုပ်တို့ကို အသေးစိတ်ပြောထားသည်။

အခြားသောဥပမာကို ဓမ္မရာဇဝင် ဒုတိယစောင် အခန်းကြီး ၂၄ တွင်၊ "ထာဝရဘုရား၏ အမျက်တော်သည် သူတို့ပေါ်သက်ရောက်သောခါ၊ 'ဣသရေလအမျိုးသားတို့ကို ရေတွက် လော့'" ဟူသောအချက်ကို ကျွန်ုပ်တို့တွေ့ရသည်။ သို့သော် ရာဇဝင်ချုပ် ပထမစောင် အခန်းကြီး ၂၁ တွင် ဒီလိုဖော်ပြထားပြန်သည်။ "နောက်တဖန် စာတန်သည် ဣသရေလအမျိုး တဘက်၌ထ၍၊ ဣသရေလအမျိုးသားတို့ကို ရေတွက်စေခြင်းငှါ ဒါဝိဒ်ကို တိုက်တွန်းလေ သည်။"

## ကြီးမားသော ရန်သူ-
## <u>ဖျက်ဆီးသူ၊ စွပ်စွဲသူ၊ လှည့်ဖျားသူ၊ လိမ်ပြောသူ၊ လူသတ်မှုကျူးလွန်သူ…</u>

စာတန်သည် တရားဝင်အခွင့်ရသူ ဖြစ်သည်။ သူ၏တရားဝင်အခွင့်အရေးအတွက် သူသည် အခွင့်အရေးရတိုင်း ကျွန်ုပ်တို့အား ဖျက်ဆီးရန် အမြဲတစေ တိုက်ခိုက်နေသည်။ "စာတန်သည် ဘုရားသခင်နှင့်လူတို့၏ ကြီးမားသောရန်သူ ဖြစ်သည်။ ကျမ်းစာထဲမှာ သူ့ကိုဖျက်ဆီးသူ၊ ညီအစ်ကိုတို့ကို အပြစ်တင်သောသူ၊ လှည့်ဖျားသူ၊ လိမ်ပြောသူ၊ နှိပ်စက်ညှဉ်းဆဲသူနှင့် လူ သတ်သမားဟူ၍ ခေါ်သည်။"[၃၂]

"စာတန်သည် ယာကုပ်အား သူ၏အပြစ်ကြောင့် သူ့ကို ဖျက်ဆီးပိုင်ခွင့်ရှိသည်ဟု ဘုရားသခင်၏ ကောင်းကင်တမန်များရှေ့တွင် စွပ်စွဲခဲ့သည်။"[၃၃] သို့သော် သခင်ယေရှုသည် တင်ပါးဆုံကိုသာ တို့ထိခဲ့သည်။ စာတန်သည် ယောဘ၏ သစ္စာရှိမှုကို စမ်းသပ်ရန် ဘုရားသခင်၏သားများရှေ့တွင် သူ့ခန္ဓာကိုယ်ကို အန္တရာယ်ပြုခွင့် တောင်းဆိုခဲ့သည်။ မောရှေကို သင်္ချိုင်းတွင်း၌ထားရန် အခွင့်အရေးကိုငင်း၊ ယဇ်ပလ္လင်ရှေ့မှာ ရပ်နေသည့်ယဇ်ပုရောဟိတ်မင်း ယောရှုကိုငင်း

သူစွပ်စွဲခဲ့သည်။



နိနေဝေမြို့ကို စာတန် ဖျက်ဆီးလိုခဲ့သည်။ သို့သော် ဘုရားသခင်က သူတို့ကို သတိပေးရန် တရားဟောဆရာတစ်ဦးကို စေလွှတ်ခဲ့သည်။ ယောနကို သူ၏သဘော်နစ်မြုပ်စေခြင်းဖြင့် စာတန်က ဖျက်ဆီးပစ်ရန် ကြိုးစားခဲ့သည်။ သို့သော် ဘုရားသခင်သည် သူ၏အသက်ကိုကယ်တင်ရန် အလွန်ကြီးစွာသော ငါးတစ်ကောင်ကို ပြင်ဆင်ခဲ့သည်။ သို့ပေမယ့် ယောနသည် ဘုရားသခင်၏ စာရိတ္တတော်ကို နားမလည်နိုင်သေးပါ။

## မှားယွင်းသော စိတ်သဘောထားရှိသည့် လုလင်များ

ယာကုပ်နှင့်ယောဟန်တို့သည် ဧလိယပြုသကဲ့သို့ ရှမာရိလူများကို မီးဖြင့် ဖျက်ဆီးရန် အလိုရှိခဲ့ကြသည်။ သို့သော် သခင်ယေရှုသည် လှည့်ကြည့်၍ သူတို့ကို တားမြစ်ခဲ့ပြီး၊ ထိုသို့ပြောသည် မှာ 'သင်တို့သည် ကိုယ်စိတ်သဘောကို ကိုယ်မသိကြ၊ လူသားသည် လူတို့၏အသက်ကို သတ်အံ့သောငှါကြွလာသည်မဟုတ်၊ ကယ်တင်အံ့သောငှါကြွလာသည်ဟု ဆိုဆုံးမခဲ့သည်။'"၃၄

တပည့်များ၏အမြင်တွင် လက်စားချေရန်နှင့် ဒဏ်ခတ်ရန်အတွက် ဖျက်စီးစေသောမီးကို အသုံးပြုမည်ဟု ထင်ကြသည်။ သူတို့အမြင်တွင် ဘုရားသခင်သည် မလိုမုန်းတီးစိတ်ကို ချုပ်တည်းသောသူ မဟုတ်။ ကလဲ့စားချေသော ဘုရားဖြစ်နေသည်။ သို့သော် သခင်ယေရှုက ရန်ကိုရန်ခြင်း တုန့်ပြန်ခြင်းသည် သူ့ပုံစံ မဟုတ်ပါဟု ပြောခဲ့သည်။

တဖန်၊ ‘ယောဘ၏နေ့ရက်ကာလ၌ ''ကောင်းကင်မှ' မီးကိုစေလွှတ်ပြီး၊   သိုးများ၊ အစေခံကျွန်များကို လောင်ကျွမ်းခဲ့စေသူသည် အဘယ်သူနည်း။”[၃၅] သို့မဟုတ် သောဒုံနှင့်ဂေါမောရမြို့ကို ဖျက်ဆီးသော မီးကို အဘယ်သူ စေလွှတ်ခဲ့သနည်း။ သို့မဟုတ် ဧလိယကို ဖမ်းဆီးရန် ရောက်လာသော စစ်သားအားလုံးကို လောင်ကျွမ်းစေသော မီးကို အဘယ်သူစေလွှတ်ခဲ့သနည်း။ [၃၆]

ဧလိယသည် ဟောရပ်တောင်သို့ ထွက်ပြေးသောအခါ၊ ဖျက်ဆီးနိုင်သော လေပြင်း၊ ငလျင်လှုပ်ခြင်းနှင့် လောင်ကျွမ်းစေသောမီးတို့ကို သူတွေ့မြင်ခဲ့သည်။ “သို့ရာတွင် ထာဝရဘုရားသည် လေ၌သော်ငင်း၊ ငလျင်လှုပ်ခြင်း၌သော်ငင်း၊ မီး၌သော်ငင်း၊ မရှိခဲ့ကြောင်း ဧလိယ သက်သေထူထားပါသည်။”[၃၇]

## သူ ဘယ်သူလဲ။

ဖျက်ဆီးသူသည် ဘယ်သူဖြစ်သည်ကို ကျွန်ုပ်တို့ မဖြစ်မနေသိဖို့ရန် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ကာလအချိန်သည် ရောက်လာနေပြီဖြစ်သည်။ ကမ္ဘာ့သမိုင်း၏နောက်ဆုံးနာရီပိုင်းအတွင် ကပ်ဘေးဖြစ်သည့် ဖျားနာခြင်း၊ ရောဂါ၊ လူဦးရေ ထူထပ်ခြင်း၊  အကြမ်းဖက်မှု၊ မြေငလျှင်လှုပ်ခြင်း၊ ဆူနာမီမုန်တိုင်း၊ စကြဝဠာ၏အကျိုးဆက်များ၊ မုန်တိုင်းကြီးများ၊ ရုတ်တရက်ဖြစ်ပွားသည့်ကပ်ဘေးနှင့် သေခြင်းတို့ကို ဤကမ္ဘာကြီးသည် များမကြာမီ  ခံရတော့မည်ဖြစ်သည်။ ထိုအချိန်ရောက်လာသောအခါ၊ ကျွန်ုပ်တို့ မည်သို့တုံ့ပြန်မည်နည်း။ ဤအရာများကို  စိတ်ဆိုးနေသည့် ဘုရားသခင်၏လက်ချက်ဖြစ်သည်ဟု ကျန်သောကမ္ဘာသားများနှင့်အတူ ကျွန်ုပ်တို့ ဆုံးဖြတ်ကြတော့မှာလား။

> ဂရုဏာနှင့်ပြည့်ဝသောကောင်းကင်တမန်သည် သူမ၏တောင်ပံများကိုခေါက်ပြီး ထွက်သွားသောအခါ၊ စာတန်သည် သူလုပ်ချင်ခဲ့သော မကောင်းမှုများကို လုပ်လိမ့်မည်။ လေမုန်တိုင်းနှင့် မိုးသက်မုန်တိုင်းများ၊ စစ်တိုက်ခြင်းနှင့် သွေးထွက်သေကျေမှုစသောအရာများ၌သာ သူပျော်မွေ့သည်။... ထို့အပြင် သူသည် လူတို့ကို လုံးဝလှည့်ဖြားလိမ့်မည်။ သို့ဖြင့် သူတို့သည် ထိုဘေးဒုက္ခ များသည် သီတင်းပတ်၏ပထမနေ့ကို မလေးစားခြင်း၊ ဂုဏ်အသရေဖျက်ခြင်း၏ ရလဒ်ဖြစ်ကြောင်း ကြေငြာလိမ့်မည်။... သူတို့သည် ရန်သူ၏လမ်းပြမှုကို ခံနေရသည်။ ထို့ကြောင့် သူတို့သည် လုံးဝမှား ယွင်းသောနေသော နိဂုံးထံသို့ ရောက်ရှိကြသည်။[၃၈]
>
> ဘုရားသခင်သည် သူဖန်ဆင်းသောသတ္တဝါများကို ကာကွယ်သောသူ၊ ဖျက်ဆီးသူ၏တန်ခိုးမှ ကာ ကွယ်ပေးသူ ဖြစ်သည်။ သို့သော် လောကရှိခရစ်ယာန်များသည် ယေဟောဝါ၏တရားတော်ကို မထီ မဲ့မြင်ပြုခဲ့ကြသည်။ သို့သော် ဘုရားသခင်သည်



သူမိန့်တော်မူသမျှအတိုင်း ပြုလိမ့်မည်။ [သူတို့ ကို မိမိလက်တော်နှင့်ကြမ်းတမ်းစွာ ရိုက်နှက်မည်လော။ မဟုတ်ပါ] သူသည် မြေကြီးပေါ်မှ သူ၏ကောင်း ချီးများကို ရုပ်သိမ်းပြီး၊ ကာကွယ်ပေးသောစောင့်ရှောက်မှုကို ဖယ်ရှားလိမ့်မည်။... ဘုရားသခင် အထူး မစောင့်ရှောက်သူများအားလုံးကို စာတန်က ထိန်းချုပ်ထားသည်။ သူ[စာတန်] သည် ဆင်းရဲ ဒုက္ခပြဿနာများဖြစ်ပေါ်စေပြီး ဘုရားသခင်က သူတို့ကို ဒုက္ခပေးနေသည်ဟု လူများကို ယုံကြည်စေရန် အယုံသွင်းလုပ်ဆောင်နေလိမ့်မည်။ [၂၉]

ထို့အပြင် နောက်ဆုံး၌ သူတို့ကို ငရဲမီးများဖြင့် ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်ဟု စာတန်သည် လူတို့အား ယုံကြည်ရန် လမ်းပြနေသည်။ ကမ္ဘာမြေကြီးပေါ်ရှိ လူများသည် သူတို့အမြင်ဖြစ်သော ဘုရားသခင်၏အမျက်တော် ပြေငြိမ်းစေရန် လိုအပ်မည်ဟု ယူဆသောအရာအားလုံး လုပ်ဆောင်ရန် ထိန်းမရဖြစ်နေကြလိမ့်မည်။ ကမ္ဘာလုံးဆိုင်ရာ ဘာသာရေးပေါင်းစည်းမှု အတည်ပြုခြင်းဖြစ်မလား။ ဖြစ်နိုင်ပါသည်။ ပုပ်ရဟန်းမင်းအတွက် မဲပေးခြင်းလည်း ဖြစ်နိုင်ပါသည်။ ဘုရားသခင်ကို ပျော်ရွှင်စေမည့်အရာဟု သူတို့ထင်သော အရာအားလုံးကို ပြုကြပါလိမ့်မည်။

ယခု ဘုရားသခင်၏ ပညတ်တော်ကို နှစ်သက်သော ကျွန်တော်တို့သည် ဧဝံဂေလိထက် ပညတ်တော်ကို ကိုးစားသောသူများအဖြစ် စွပ်စွဲခံရနိုင်ပါသည်။ သို့သော် ကပ်ဘေးများ စတင်ကျရောက်လာသည့်အခါ၊ ဧဝံဂေလိတရားထက် ဥပဒေကို အမှန်တကယ် ကိုးစားသောသူများ အဘယ်သူဖြစ်မည်ကို စောင့်ကြည့်ပါ။

## ပုံပြင်အဖြစ်အပျက်- အာဟပ်နှင့် ယေဇဗေလ

တစ်ချိန်က အာဟပ်အမည်ရှိသော ဘုရင်တစ်ပါး ရှိ၏။ သူသည် စပျစ်ဥယျာဉ်တစ်ခြံကို ခိုးကာသိမ်းယူပြီး၊ နှင်ထုတ်ခံရသော ပိုင်ရှင်ကို သူ့အလှဆုံး ဇနီး ယေဇဗေလ၏ သစ္စာဖောက်မှုဖြင့်

လုပ်ကြံ သတ်ဖြတ်ခဲ့ပါသည်။ ဤနေရာတွင် ကမ္ဘာမြေ၏ နောက်ဆုံးသောအချိန်တွင်ဖြစ်မည့် ကြီးမားသော ပဋိပက္ခ၏ ရှေ့ပြေးကို သင်တွေ့နိုင်ပါသည်။ နိုင်ငံတော်အာဏာသည် အသင်းတော်၏ လူသတ်မည့်အစီစဉ်များကို နိုင်ငံတော်၏ခွင့်ပြု၊ ပံ့ပိုးမှုဖြင့် အကောင်ထည်ဖော်ခွင့် ပြုသွားမည်ဖြစ်သည်။ အာဟပ်နှင့် ယေဇဗေလကဲ့သို့ အသင်းတော်နှင့် နိုင်ငံနှစ်ခုလုံး ပျက်စီးသွားလိမ့်မည်။

သို့သော် ဘုရားသခင်သည် အာဟပ်နှင့် ယေဇဗေလကို မသတ်ခဲ့ပါ။ သူသတ်ရန် မလိုအပ်ခဲ့ပေ။ ဘုရားသခင်ဂရုဏာတော်၏ ကာကွယ်စောင့်ရှောက်သည့်လက်ကို သူတို့ စွန့်ခွာသွားကြသောအခါ သူတို့နှစ်ဦးစလုံးသည် သူတို့၏ရန်သူလက်ချက်ဖြင့် ဖျက်ဆီးခံခဲ့ရသည်။ အပြစ်သားအပေါ် ဘုရားသခင် ဘယ်သောအခါမျှ အချစ်မပေါ့ပါ။ သို့သော် ခေါင်းမာမာဖြင့် ငြင်းပယ်ခံရသည့်အခါ သူသည် တွန့်ဆုတ်ငြင်းဆန်သူများထံမှ ထွက်ခွာသွားပြီး၊ သူတို့ဘဝ၏ ရှိရင်းစွဲ အလိုလျောက် အကျိုးဆက်များနှင့် ထားရစ်ခဲ့ပါသည်။

> ဘုရားသခင်၏ *အထိန်း* သည် မတရားသောသူထံမှ *ရွေ့လိုက်သည်၊* ထို့နောက် စာတန်သည် နောက်ဆုံး၌ အတားအဆီးမရှိ ထိန်းချုပ်နိုင်ခွင့် ရရှိလာသည်။ မဆုတ်မနစ် ခုခံတွန်းလှန်သော ဘုရားသခင်၏ ဝိညာဉ်တော်ကို အဆုံးတွင် ရုတ်သိမ်းလိုက်သည်။ ဘုရားသခင်၏ ကျေးဇူးတော်ကို မခိုလှုံသောအခါ၊ သူတို့တွင် မကောင်းဆိုးဝါးရန်မှ *အကာကွယ်* မရှိတော့ချေ။ ထို့နောက် စာတန်သည် မြေကြီးသားများကို ကြီးမားသော ဒုက္ခဆင်းရဲခြင်းထဲသို့ ကျရောက်စေမည်ဖြစ်သည်။
> ဘုရားသခင်၏ကောင်းကင်တမန်များသည် လူ့တပ်မက်စွဲလမ်းစိတ်၏ ကြမ်းတမ်းခက်ထန်သော လေများကို တားဆီးရန် ရပ်တန့်သွားပြီဖြစ်သောကြောင့် တိုက်ခိုက် ရန်လိုသော အရာများအားလုံးသည် လွတ်လွတ်လပ်လပ် အခွင့်ရလာမည်ဖြစ်သည်။[၅၀]

ဘုရားသခင်မိန့်ကြားသည်မှာ "တိုင်းနိုင်ငံတို့၏ ရာဇပလ္လင်များကို ငါမှောက်လှန်မည်... မြင်းနှင့် မြင်းစီးသူရဲတို့သည် တယောက်ကို တယောက် ခုတ်၍ လဲကြလိမ့်မည်။"[၅၁]

ယုဒပြည်ကို အမ္မုန်အမျိုး၊ မောဘအမျိုးနှင့် ဧဒုံလူတို့ သိမ်းသွားရန် စုရုံးခဲ့ကြချိန်ကို သတိရပါပါသလား။ ယောရှဖတ်မင်းကြီးကို ပြောသည်မှာ "သင်တို့သည် စစ်တိုက်စရာအကြောင်းမရှိသည် ဖြစ်၍၊ တည်ကြည်စွာမတ်တက်နေလျက်၊ ထာဝရဘုရားကယ်တင်တော်မူခြင်း ကျေးဇူးကို ကြည့်ရှု ကြလော့။.. အမ္မုန်အမျိုးသားများအတွက်နှင့် စိရတောင်သားတို့ကို သုတ်သင်ပယ်ရှင်းခြင်းငှါ တော်လှန်တိုက်သဖြင့်၊ သူတို့ကို ရှင်းရှင်း ဖျက်ဆီး၍၊ အကုန်အစင်ပျက်စီးခြင်းသို့ ရောက်သော

အခါ၊ အသီးအသီးတို့သည် တယောက်ကို တယောက်ဖျက်ဆီးစေခြင်းသောကြောင့်... အဘယ်သူမှ မလွတ်မြောက်နိုင်။”[၅၂] ဟု ပြောခဲ့သည်။

“တပါးအမျိုးသားတို့သည် ကိုယ်တူးသောတွင်းထဲသို့ ကိုယ်ကျကြ၏။ ကိုယ်ဝှက်ထားသော ကျော့ကွင်းထဲမှာ ကိုယ်ခြေတို့သည် ကျော့မိကြ၏။ ထာဝရဘုရားသည် တရားစီရင်ဆုံးဖြတ်တော်မူခြင်းအားဖြင့် ထင်ရှားတော်မူ၏။ မတရားသောသူသည် မိမိလုပ်သောအလုပ်ထဲမှာ ကျော့မိခြင်းကိုခံရ၏။”[၅၃]

## ပုံပြင်အဖြစ်အပျက်- ချိတ်ဆွဲခံထားရသော ဟာမန်

ဟာမန်အမည်ရှိသောသူတယောက်ရှိခဲ့ပါသည်။ ပေရသိပြည်၌နေသော အာမလက်လူမျိုးတစ်ယောက်ဖြစ်သည်။ ဘုရင့်နန်းတော်မှ ရာထူးကြီးကြီးရသူ တစ်ဦးဖြစ်ပြီး သူသည် မော်ဒကဲအမည်ရှိသော ဂျူးလူမျိုးလူတယောက်ကို မုန်းတီးသူဖြစ်သည်။ မော်ဒကဲသည် သေတာအမည်ရှိသော ချစ်စရာကောင်းသော၊ အလွန်လှပသောမိန်းကလေး၏ ဦးလေး ဖြစ်သည်။

ဘုရားသခင်၏ပံ့ပိုးမှုဖြင့် သေတာသည် ပေရသိတိုင်းပြည်၏ အလှမယ်ဆုကို အနိုင်ရရှိခဲ့ပြီး တိုင်းပြည်၏ဘုရင်မ ဖြစ်လာခဲ့သည်။ ထိုအချိန်အတောအတွင်း၊ မော်ဒကဲသည် ဘုရင်အားနိုင်ငံရေးအာဏာသိမ်းမှုမှကယ်လွှတ်ခဲ့ပြီး၊ ရှင်ဘုရင်၏ ဂုဏ်ပြုခြင်း၊ လမ်းမထက်တွင် သစ်ပင်၊သစ်ရွက်ခက်များဖြန့်ကျဲကြွေးကြော်ခြင်းဖြင့် ဘုရင်အာခဇေရုအားဖြင့် အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။

ဤအရာသည် ဟာမန်ကို အလွန်မနာလို၊ နာကြည်းစေလျက်၊ နှုတ်ခမ်းစူလျက် အမုန်တကယ် ဒေါသအမျက်ထွက်စေခဲ့သည်။ နောက်ဆုံးတွင် သူအလွန် ဒေါသထွက် စိတ်ဆိုးလျက် ဘုရင့်အား နိုင်ငံအတွင်းရှိ ဂျူးလူမျိုးတိုင်းကို သုတ်သင်ပယ်ရှင်းစေမည့် ဥပဒေကို လက်မှတ်ရေးထိုးရန် လိမ္မာပါးနပ်သော အကြံအစည်ကို သူအကွက်ဆင်ခဲ့သည်။ ထိုဥပဒေကြမ်းသည် အမျိုးသားလုံခြုံရေးကိစ္စ ဖြစ်ပုံရအောင် လုပ်ထားခြင်းဖြစ်သည်။ သို့သော် စာမျက်နှာအောက်ဆုံးပိုင်းရှိ သေးငယ်သော စာလုံးများသည် ဟာမန်၏ စစ်မှန်သော ရည်ရွယ်ချက်ဖြစ်ခဲ့သည်။ ယခုတွင် သူ၏ မဟာအစီအစဉ်သည် အပြီးသတ် အကောင်အထည်ဖော်ရန် အဆင်သင့်ဖြစ်နေပြီဟု သူထင်ခဲ့သည်။

အိမ်ရောက်သောအခါ မစ္စဟာမန်နှင့် သူ့သူငယ်ချင်းများက “ကြိုးစင်ပေါ်မှာ လည်ပင်းကနေ တွဲလောင်းချိတ်နေတာကို လူတိုင်းမြင်နိုင်အောင် ပေတစ်ရာအမြင့်ရှိတဲ့ ကြိုးစင်တစ်ခုကို မော်ဒကဲအတွက် လုပ်ပေးလိုက်။”ဟု အားပေးလိုက်ကြသည်။ ထိုအတိုင်းပင် သူလုပ်ကိုင်ခဲ့သည်။

ထိုကိစ္စကို လုပ်ဆောင်ခြင်းသည် ဟာမန်အရှုံးကွက်နှင်းခြင်းသာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မော်ဒကဲ ထိုစကားကိုကြားသောအခါ အစီအစဉ်တစ်ခုလုံး ပြောင်းပြန်ရလာဒ်ထွက်လာခဲ့သည်။ ထိုသတင်း သေတာထံ ပေါက်ကြားသွားပြီးနောက် သေတာသည် ဘုရင်ကိုပြောပြခဲ့ရာ ဘုရင်သည် ဟာမန်အပေါ် ဒေါသအလွန်ပြင်းထန်စွာထွက်ပြီး၊ မော်ဒကဲ အတွက်တည်ဆောက်ထားသော လည်ဆွဲချတိုင်ပေါ်တွင် ဟာမန်ကို
ချိတ်ဆွဲစီရင်ခဲ့သည်။



"တွင်းတူးသောသူသည် မိမိတွင်းထဲသို့ ကျလိမ့်မည်။ ကျောက်ကို လှိမ့်သောသူအပေါ်သို့ ထိုကျောက်သည် ပြန်၍ လှိမ့်လိမ့်မည်။"[၄၄]

## ပုံပြင်အဖြစ်အပျက်- ဒံယေလအတွက် ခြင်္သေ့တွင်း

တစ်ချိန်က ဗာဗုလုန်ဝန်ကြီးချုပ်၊ ဒံယေလအမည်ရှိသောသူ ဂျူးလူမျိုးတစ်ဦးရှိခဲ့သည်။ သူသည်အောင် မြင်ကျော်ကြားသော ကမ္ဘာ့အင်ပါယာနှစ်ခုမှ ဘေရာဇ်လေးပါးအပေါ် တည်ကြည်မှု၊ ဉာဏ်ပညာနှင့် သစ္စာရှိမှုကိုဆက်တိုက် ပြသနိုင်ခဲ့သည်။ သို့သော် အခြားအစိုးရခန့်အပ်ခံထားရသူအချို့သည် လူမျိုးစု၊ လူနည်းစုဝင်ဖြစ်သောဒံယေလကို အလွန်မနာလိုဖြစ်လာပြီး၊ သူ့ကိုဖယ်ရှားပစ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ပထမတွင်၊ သူတို့သည် ဒံယေလ၏အသက်တာတွင် အပြစ်တင်ခွင့်နှင့် မကောင်းစကားအပိုင်းစများကအစ ဖော်ထုတ်နိုင်ရန် ကြိုးစားခဲ့ကြသည်၊ သူ၏ဂုဏ်သိက္ခာကိုပျက်စီးစေပြီးဘုရင်ရှေ့တွင်ရှုတ်ချနိုင်ရန် ဖြစ်သည်။ သို့သော် အပြစ်တင်စရာတစ်ခုမျှ ရှာမတွေ့ကြချေ။ မသင့်လျော်သောအမှုတစ်ခုမျှ မရှိ။ အပြစ်ကင်းစင်ကြယ်ပြီး၊ ဖုန်းကွယ်လျှို့ဝှက်ခြင်းမရှိ။ မည့်သည့်အပြစ် တစ်စိုးတစိမျှ မတွေ့ရှိကြချေ။

ထို့ကြောင့် ဖမ်းဆီးနိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ သူ့ကို
ထောင်ချောက်ဆင်ရန်သာရှိကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ သူတို့သည် ဘုရင်ကို
'လတစ်လ၏ဘုရား' အဖြစ် ပရိယာယ်ပြုပြီး သေသပ်လှသောဥပဒေသေးတစ်ခုပြဋ္ဌာန်းခွင့်ပြုရန်
လိမ်ညာခဲ့ကြသည်' "စဉ်းစားကြည့်ပါဦး၊ အရှင်မင်းမြတ်။ ယောကျာ်း၊ မိန်းမ၊ ကလေးတိုင်းသည်
တစ်လလုံးလုံး အရှင်မင်းကြီးကိုသာ ဦးမွမ်းကိုးကွယ်ကြလိမ့်မယ်။ ကောင်းပြီ၊ မှန်ပေ၏၊
မည်သူမဆို အရှင်မင်းကြီးအား သူတို့ဘုရားကဲ့သို့ အသိအမှတ် မပြုလျှင်
သင်၏ကြီးမြတ်မှုကိုစော်ကားလိုသောသူဖြစ်သည်၊ သူတို့သည် အပြင်းထန်ဆုံး
အကျိုးဆက်များကိုခံထိုက်ပေသည်၊ မှန်ပါပေသည်၊ သူတို့ကို ခြင်္သေ့အစာအဖြစ် ပစ်ထားရမည်။"

ဒါရိမင်းကြီးသည် အလေးပေးခံသည်ဟူသောအတွေးဖြင့် ဝမ်းသာသွားလျက် မေဒိနှင့် ပေရသိ
တိုင်းပြည်ဥပဒေအဖြစ် လက်မှတ်ထိုးလိုက်သည်။ "၎င်းသည် မပြောင်းလဲနိုင်သော
ဥပဒေဖြစ်သည်။"

ထိုအတောတွင်း ဒံယေလသည် သူ၏ရာသက်ပန် နံနက်ခင်းဝတ်ပြုခြင်းနှင့် ယေဟောဝါထံ
ဆုတောင်းခြင်းကို ဆက်လက်ကျင့်သုံးခဲ့သည်။ သူ၏ ရန်သူများ၊ သူလျှိုများသည် အလျှန်မြန်
ဘုရင်ထံ ဤရာဇဝတ်မှုကျူးလွန်မှုကို ချက်ချင်းသတင်းပို့သည်။ ဤဖောက်ပြန်သော အပြုမူသည်
အရှင်မင်းကြီး လက်မှတ်ရေးထိုးခဲ့သည့် ထိုဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့်
ယခုဒံယေလကို ခြင်္သေ့တွင်းထဲသို့ ပစ်ချရလိမ့်မည်ဟု ဘုရင်ကိုသတိပေးကြသည်။

သနားစရာကောင်းသောဒါရိမင်းသည် ထိုညတွင်အိပ်မပျော်နိုင်ခဲ့ပါ။ သူသည် ယုံကြည်စိတ်ချရသော
မိတ်ဆွေဒံယေလအား သေခြင်း၏လက်သို့အပ်နှံရန် ရက်စက်စွာလှည့်စားခံခဲ့ရသည်။ သို့သော်
ဤသို့မဟုတ်ပေ၊ ဒံယေလသည် ဘုရားသခင်၏လက်တော်၌သာ ရှိသည်။ ထို့နောက်
နောက်တစ်မနက် နံနက်စောစောထချိန် ရောက်သောအခါ၊ ရှင်ဘုရင်သည် ခြင်္သေ့တွင်းဝထဲမှ
အခြေနေမေးမြန်းသောအခါ ၊ ဒံယေလက "အရှင်မင်းကြီး၊ ကျွန်ုပ်ချစ်၍ ယုံကြည်ရသော
ဘုရားသခင်သည် ကျွန်ုပ်အား ကာကွယ်ပေးခဲ့ပါသည်။" ဟုဖြေကြားလိုက်သည်။



ယခုအခါ တစ်ဖက်လူများ ခြင်္သေ့မိသားစုကို ရင်ဆိုင်ရမည့် အချိန်ရောက်လာပါသည်။ သမ္မာကျမ်းစာက သူတို့၏အရိုးများအားလုံး မြေပေါ်မရောက်ခင် ကျိုးပဲ့ကုန်၏ဟု ပြောထားသည်။

"သူပြုသောဒုက္ခပေးခြင်းအမှုသည် သူ့ခေါင်းပေါ်သို့ ရောက်လိမ့်မည်။ မိမိ ကြမ်းတမ်းသော အမှုသည် မိမိခေါင်းထိပ်ပေါ်မှာ သက်ရောက်တတ်၏။"[47]

# နောက်ဆုံးပိတ် ဗိုလ်လုပွဲ-

## မကောင်းကြံသူများ ရွေ့သောအကွက်

ဧသောသည် ညီဖြစ်သူယာကုပ်အားတိုက်ခိုက်ရန် သူ့၏စစ်တပ်ကိုစုရုံးခဲ့သကဲ့သို့ နောက်ဆုံးအချိန်ကာလ အနှစ်တစ်ထောင် အကဲဖြတ်ပြီးနောက် စာတန်သည် သန့်ရှင်းသောမြို့တော်အတွင်းရှိ သန့်ရှင်းသူများကို စစ်ချီဆန့်ကျင်ရန် ကုဋေချီသော သမိုင်းကို စုစည်းလိမ့်မည်။ သို့သော် သူတို့၏ ချဉ်းကပ်မှုသည် ယေရှု၏ ထင်ရှားပေါ်ထွန်းလာခြင်းက ရပ်တန့်စေခဲ့ပါသည်။ ဘဝတစ်လျှောက်လုံး ဘုရားသခင်၏လောင်နေသော ချစ်ခြင်းမေတ္တာအားဖြင့် နွေးထွေးမှုရရန် ငြင်းဆန်ခဲ့သူများသည် ခေတ်ကာလများတစ်လျှောက် သူတို့ကိုကယ်တင်ရန် ဘုရားသခင်၏ ကြီးကျယ်ခမ်းနားသော ကြိုးစားအားထုတ်မှု မြင်ကွင်းကို ယခုမျက်မြင်တွေ့မြင်နေရသည်။[48] ယခုချိန်တွင် "ထာဝရဘုရား၏ဘုန်းတော်ပေါ်ထွန်းခြင်း နှင့် ခပ်သိမ်းသောသတ္တဝါတို့သည် ကိုယ်တော်၏ ဘုန်းတော်ကိုမြင်ရကြလိမ့်မည်။"[46] သူတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ အသည်းနှလုံးကို မြင်တွေ့ရ၏။ ထိုချစ်ခြင်းမေတ္တာသည် "ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏။

ခပ်သိမ်းသောအရာကိုယုံတတ်၏။ ခပ်သိမ်းသောအ ရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတက်၏။”[၆၇]

ယခု သခင်ယေရှုသည် သူတို့အတွက် ထိုးဖောက်ခံရသော လက်ကိုဆန့်၍ ညီအစ်ကိုများအားလုံးကို “ငါ့ထံသို့ပြန်လာပါ ... ငါသည် သင်တို့၏ အပြစ်ကို လွှတ်တော်မူမည်။ [၆၈] ငါ့လက်သည် မကယ်တင်နိုင်လောက်အောင် မတို။ [၆၉] ငါအားဖြင့် ဘုရားသခင့်ထံတော်သို့ ချဉ်း ကပ်သမျှသော အစွမ်းသတ္တိကို ကယ်တင်နိုင်တော်မူ၏။[၇၀] ငါသည် သနားကြင်နာတတ်သော သူ၊ ကျေးဇူးပြုတတ်သောသူ၊ စိတ်ရှည်သည်းခံသောသူ၊ ကောင်းမြတ်ခြင်းနှင့် သမ္မာတရား ဘက်၌ကြွယ်ဝပါ၏။ [၇၁]  ငါသည် ဘယ်သူ့ကိုမှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်း ငှါ အလိုတော်ရှိသည်။[၇၂]  ငါအသက်ရှင်သကဲ့သို့... သင်၏သေခြင်းအမှု၌ ငါသည် ဝမ်းမြောက် ခြင်းမရှိ၊ သို့သော် ပြောင်းလဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏။[၇၃] “ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။”[၇၄] ဟု တောင်းဆိုခဲ့ပြီးသည်ကို သူတို့မြင်တွေ့ရကြသည်။

သို့သော် သူ၏ချစ်ခြင်းမေတ္တာကို ငြင်းပယ်ခဲ့ကြပြီ။ အတောင်တော်အောက်တွင် မနေဘဲ၊ အပြင်ဘက်တွင် နေမြဲနေကြသည်။  “ကိုယ်တော်၏လက်သည် ရန်သူအပေါင်းတို့ကို တွေ့၍၊ ကိုယ်တော်ကိုမုန်းသော သူတို့ကို လက်ျာလက်တော်သည် တွေ့တော်မူမည်။ သူတို့ကိုမီးဖိုကဲ့သို့ ဖြစ်စေတော်မူမည်၊... ထို့နောက် မီးသည်လည်း လောင်စားပါလိမ့် မည်... အဘယ်ကြောင့်ဆိုသော် သူတို့သည် ကိုယ်တော်ကိုဆန့်ကျင်၍ မကောင်းသောအကြံ ကို ကြံစည်၍၊ မကောင်းသော ပရိယာယ်ကို ပြုကြပါပြီ။ သို့ရာတွင် အကြံမထမြောက်ကြ ပါ။”[၇၅] “လူစုတို့သည် အဘယ်ကြောင့် အချည်းနှီး ကြံစည်ကြသနည်း။”[၇၆]

## ယုဒအတွက် မီး

သခင်ယေရှုသည် ယုဒအား ထာဝရအမှောင်ထုမှ ဆွဲခေါ် နိုင်ရန် ချစ်ခြင်းမေတ္တာဖြင့် လက်တော်ကိုကမ်းပေးခဲ့သည်။ ယေရှုသည် နောက်ဆုံးညစာ စားပွဲတွင် စိုစွတ်နေသော မုန့်အပိုင်းစကို ကိုင်လျက် ညင်သာစွာ သူ့အပေါ် မှီပြီး သူ့နားကို တိုးတိုးလေး- “ဤမုန့်တလုပ်စာကို ပေးသောသူဖြစ်၏” ဟု ပြောခဲ့သည်။ ၎င်းကို အဘယ်သူမျှမကြားခဲ့ပါ။ အဘယ်မျှလောက် ကာကွယ်ပေးခဲ့ပါသနည်း။ အဘယ်မျှလောက် စာနာထောက်ထားခဲ့ပါသနည်း။ သစ္စာဖောက်ခံရတော့မည့် ကျွန်ုပ်တို့၏ သခင်သည် ကရုဏာတော် အလွန်ကြီးမြတ်လှပါသည်တကား။

သို့သော် ယုဒက ငြင်းပယ်ခဲ့သည်။ သူကိုယ်တိုင် မခံစား၊ သည်းမခံနိုင်တော့လောက်အောင် ပြင်းထန်သောအပြစ်၊ ဝမ်းနည်းမှု၊ မိမိကိုယ်ကို မုန်းတီးမှုများဖြင့် အတွင်း၌ လောင်ကျွမ်းရန် ရွေးချယ်ခဲ့သူသည် သူကိုယ်တိုင်ဖြစ်သည်။ သူ့ကိုယ်သူ ကြိုးဆွဲချသတ်သေခဲ့သည်။ ယုဒသည် ခရစ်တော်၏ သန့်စင်သော စိတ်ဝိညာဉ် ချစ်ခြင်းမေတ္တာ၏မီးကို မိမိကိုယ်မိမိ အပြစ်တင်သောမီးနှင့် ထာဝရနောင်တအတွက် လဲလှယ်ခဲ့သည်။

"သင်၏ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာဖို့ပေးလော့။ ထို့သို့ပြုလျှင် သူ၏ခေါင်းပေါ်၌ မီးခဲကို ပုံထား၍၊ ထာဝရဘုရားသည်လည်း သင်၌ ဆုချတော်မူမည်။"[၅၅]

## ဘုရားသခင်၏ မီး

ရှောလမုန်က ကျွန်ုပ်တို့ကိုပြောပြသည်မှာ ဘုရားသခင်၏ မေတ္တာအမျက်တော်သည် "သေခြင်းနှင့်အမျှ တန်ခိုးကြီး၏။ ခင်ပွန်းကို မယုံသော စိတ်သဘောသည် မရဏာနိုင်ငံနှင့်အမျှ ခက်ထန်၏။ သူ၏အရှိန်သည် မီးအရှိန်၊ လျှပ်စစ်အရှိန်ကဲ့သို့ဖြစ်ပါ၏။ သို့ရာတွင် ရေများသည် မေတ္တာကို မသတ်နိုင်၊ မြစ်ရေတို့သည် မလွှမ်းမိုးနိုင်။"[၅၆]

ဤအရာသည် သခင်ဘုရား လောင်ကျွမ်းစေသော အမျက်တော်ဖြစ်ပြီး၊ ဘယ်တော့မှမသေနိုင်သောမေတ္တာမီး ဖြစ်သည်။ သခင်ယေရှုပြောသည်မှာ- "မြေပေါ်၌ မီးလောင်စေခြင်းငှါ ငါလာသတည်း။ ထိုမီးမညှိမှီတိုင်အောင် ငါ၏အလိုမပြည့်စုံ။" ကလီပိုပါးစ်က ဤသို့ဆိုထားသည် မှာ- "တပည့်တော်တို့ကလည်း … ငါတို့စိတ်နှလုံးသည် ယိုဖိတ်မတတ်ဖြစ်သည် မဟုတ်လော …"(အင်္ဂလိပ်ကျမ်းတွင် စိတ်နှလုံး လောင်ကျွမ်း ဟုသုံးထားသည်။)သူတို့သည် ယေရှု၏ တောက်လောင်နေသော မေတ္တာကို ခံရကြသည်။ ဘုရားသခင်၏မေတ္တာတော်သည် တောက်လောင်နေသော မီးဖြစ်သည်။



**ဘုရားသခင်၏ ရည်ရွယ်ချက်သည်**
**သူ့မေတ္တာတော်အားဖြင့် ကျွန်ုပ်တို့ကို**
**နွေးထွေးမှု ပေးရန်ဖြစ်ပြီး၊**
**သူထံမှ ထွက်ပြေးရန် ကြိုးစားခြင်းဖြင့်**
**ကျွန်တော်တို့ မိမိကိုယ်မိမိ ဖျက်ဆီးပစ်ရန် ရည်ရွယ်ခြင်းမဟုတ်ပါ။**

ယေရမိသည် ဤသို့မြွက်ဆိုသည်ကား၊ "ငါ့အရိုးတို၌ ချုပ်ထား၍၊ လောင်သောမီးကဲ့သို့ နှုတ်က ပတ်တော်သည် ငါ့နှလုံး၌ဖြစ်သောကြောင့်..။"[၅၉] သို့သော် ယေရှု၏ ချစ်ခြင်းမေတ္တာမီးသည် နည်းနှစ်နည်းဖြင့် အလုပ်လုပ်သည်။ ထိုမေတ္တာတော်မီးသည် သင့်စိတ်နှလုံးသားကို ဖယောင်းကဲ့သို့ အရည်ပျော်စေလျှင်လည်း ပျော်စေမည်။ သို့မဟုတ်ပါက အုတ်ခဲကဲ့သို့ သင့်စိတ်နှလုံးသားကို ချိုးပဲ့ပါလိမ့်မည်။ သင့်စိတ်နှလုံးသားထဲတွင် အသက်ပေးရန် လောင်ကျွမ်းမည် (သို့) သင့်အသက်တာထဲတွင် သင့်ကိုသေခြင်းသို့ ပို့ဆောင်ရန် လောင်ကျွမ်းသောမီး ဖြစ်ပါလိမ့်မည်။ သခင်ယေရှုက "အကြင်သူသည် ထိုကျောက်အပေါ်သို့ကျ၏။ ထိုသူသည် ကျိုးလတံ့။ အကြင်သူ၏အပေါ်သို့ ထိုကျောက်သည် ကျ၏။ ထိုသူသည် ညက်ညက်ကြေလတံ့ဟု မိန့်တော်မူ၏။"[၆၀]

သူ့မေတ္တာအားဖြင့် ကျွန်ုပ်တို့အရည်ပျော်စေရန် ဘုရားသခင်၏ အလိုတော်ဖြစ်သော်လည်း သူ့ထံမှ ရုန်းထွက်ရန် ကြိုးစားပြီး မိမိကိုယ်ကိုဖျက်ဆီးကြသည်မှာ ဘုရားသခင်၏ အလိုတော်မဟုတ်ပါ။ သို့သော် လူတို့သည် သူတို့အပေါ်၌ထားရှိသော ကိုယ်တော်၏တောက်လောင်နေသော မေတ္တာတော်မီးကို ငြင်းပယ်သောကြောင့် သူတို့သည် မိမိတို့၏တောက်လောင်သော အမုန်းမီးကို မိမိတို့သာ ရိတ်သိမ်းကြရလိမ့်မည်။ "ခရစ်တော်၏ အမွေးအကြိုင်"သည် "ကယ်တင်သောသူတို့၌ကား၊ အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏ အမွေးအကြိုင်" ဖြစ်ကြပါလိမ့်မည်။ သို့သော် ထိုတူညီသောမေတ္တာသည် "ဆုံးရှုံးသောသူတို့၌ကား၊ သေခြင်းတိုင်အောင် သေခြင်း၏ အမွှေးအကြိုင်ဖြစ်ကြ၏" [၆၁]

## အံသွားခဲကြိတ်ခြင်းရှိလိမ့်မည်။

စာတန်သည် သူ၏ကြိုးစားအားထုတ်မှုအသီးအပွင့်ကို ကြည့်ရှုသောအခါ သူသည် ကျရှုံးခြင်းနှင့် ပျက်စီးခြင်းကိုသာ မြင်ရသည်။ သူသည် လူစုလူဝေးအား ဘုရားသခင်၏မြို့တော်သည် လွယ်ကူသော သားကောင်ဖြစ်လိမ့်မည်ဟု မှားယွင်းယုံကြည်စေခဲ့သည်။ သို့သော် ၎င်းသည် မှား ကြောင်း သူသိသည်... ထိုနောက် ဟောက်သောခြင်္သေ့၏ စိတ်ဝိညာဉ်သည် အားကြီးစွာ ပေါက်ထွက်၊ လွင့်ထွက်သွားသော ရေစီးကဲ့သို့ဖြစ်လာသည်။ ...သူသည် သွေးရူးသွေးတန်းဖြစ်လာကာ မိမိ၏လက်အောက်ခံများကို အမြင့်ဆုံးသောကောင်းကင်ဘုံရှင်အား ဆန့်ကျင်ပြီး နောက်ဆုံးပြင်းပြင်းထန်ထန်တိုက်လှန်ရန်အတွက် သူ၏ဒေါသဖြင့် နှိုးဆော်ရန် အလျှင်မြန်ပြေးသွားပါသည်။

သို့သော် သူ၏ကြီးမြတ်မှုကိုအသိအမှတ်ပြုရန် ယခုအချိန်တွင်မည်သူမျှမရှိပါ။ သူ၏တန်ခိုးတော်လည်းကုန်ဆုံး၏။ စာတန် နှိုးဆွပေးသော ဘုရားသခင်အပေါ် မုန်းတီးခြင်းနှင့် လူဆိုးများသည် ပြည့်နှက်နေသည်။ သို့သော် သူတို့အမှုသည် မျှော်လင့်ချက်မရှိသည်ကို သူတို့တွေ့မြင်ရသည်။ သူတို့သည် စာတန်နှင့် လိမ်လှည်မှုတွင်ပါဝင်သော သူ၏ကိုယ်စားလှယ်များအပေါ် ဒေါသအမျက်တောက်လောင်လာကြသည်။ ထို့နောက် နတ်ဆိုးများ၏အမျက်ဒေါသမျိုးဖြင့် သူတို့ကို ရုတ်တရက်တိုက်ခိုက်ကြပါတော့သည်။ ထိုနောက် စကြာဝလာကြီး၏ ပဋိပက္ခ၊ တိုက်ခိုက်ခြင်းမြင်ကွင်းက လိုက်လာပါသည်။[၆၂]

ထိုအခါ လူများသည် သတေဖန်ကို ကျောက်ခဲနှင့်ပစ်စဉ်ကအတိုင်းပင် ဒေါသအမျက်နှင့် လောက်ကျွမ်းလာသောအခါ သူတို့သည် "အံသွားခဲကြိတ်ခြင်း ကို ပြုကြလေ၏။"[၆၃] သူတို့ကို လိမ်လှည်ခဲ့သူများအပေါ် လောင်ကျွမ်းသော ဒေါသအမျက်ဖြင့် တစ်ဦးကိုတစ်ဦး အံသွားခဲကြိတ်လျက် တိုက်ခိုက်ကြလိမ့်မည်။ "ဘုရားသခင် ၏ဦးချို (သူ၏သရဖူရ သန့်ရှင်းသူများ) သည် ဂုဏ်အသရေနှင့် ချီးမြှင့်ခြင်းရှိလိမ့်မည်။ မတရားသော သူသည် မြင်၍၊ ကြင်နာသောစိတ်ရှိကြလိမ့်မည်။ အံသွားခဲကြိတ်၍ ပိန်ချုံးကြလိမ့်မည်။ မတရားသော သူတို့၏ အလိုသည် ပျက်စီးရလိမ့်မည်။"[၆၄]

"မိမိတို့နှလုံးကို မီးဖိုကဲ့သို့ပြင်ဆင်ကြပြီ။"[၆၅] "အဓမ္မသည် မီးကဲ့သို့ လောင်တတ်၏။... ညီအစ်ကိုချင်း တယောက်ကိုတယောက် မနှမြောရ။"[၆၆] "လူအပေါင်းတို့သည် တယောက်ကို တယောက် ဓါးနှင့် ခုတ်ကြလိမ့်မည်။"[၆၇] "ထာဝရဘုရား၏ တန်ခိုးတော်ကြောင့် သူတို့သည် အလွန်ရုန်းရင်းခတ်မှုပြု၍၊ တယောက်ကိုတယောက် လက်ချင်းရိုက်သော်လည်း၊ တယောက်ကို တယောက်တိုက်၍သတ်ကြလိမ့်မည်။"[၆၈]



# ထာဝရလောင်သော မီးနှင့်အတူနေသောသူသည် အဘယ်သူနည်း။

ဗျာဒိတ်ကျမ်းတွင် ဘုရားသခင်သည် ကောင်းကင်မှမီးကျစေပြီး၊ မတရားသောသူတို့ကို လောင်ကျွမ်းစေသည်ဟု ကျွန်ုပ်တို့တွေ့ရသည်။[၆၉] ကျွန်တော်တို့ မိတ်ဆွေများက ထာဝရလောင်သောမီးသည် မတရားသောသူများအတွက် ဆုလာဒ်ပါပဲဟု ပြောတတ်ကြသည်။ သို့သော် ဟေရှာယအနာဂတ္တိကျမ်းတွင် မေးခွန်းတစ်ခုမေး ထား သည်မှာ "အဘယ်သူသည် လောင်သောမီးထဲမှာ နေရမည်နည်း။ ငါတို့တွင် အဘယ်သူသည် ထာဝရမီးလောင်ခြင်းကို ခံလျက်နေရမည်နည်း။"[၇၀]

အဖြေပေးထားသည်မှာ- "တရားသဖြင့်ကျင့်၍ ဖြောင့်မတ်စွာ ပြောထသောသူ..." ဘုရားသခင်၏မေတ္တာတော် ထာဝရမီးနှင့်အတူ၊ ထာဝရလောင်သော မီးနှင့်အတူ နေသွားမည့်သူများသည် သန့်ရှင်းသူတို့ ဖြစ်ကြပါသည်။ ဘယ်နေရာ နေကြမှာလဲ။ ဘုရားသခင်၏ရှေ့တော်၌၊ မျက်မှောက်တော်၌သာ ဖြစ်သည်။

ကျွန်ုပ်တို့၏ဘုရားသခင်သည် လောင်သောမီး- အပြစ်အားလုံးကို လောင်ကျွမ်းစေသောမီး ဖြစ်သည်။ မိမိအသက်တာ၌ ဘုရားသခင်၏ ဝိညာဉ်တော်ကိုခံယူသူများ၊ ဘုရားသခင်၏ မီးနှင့် နှစ်ခြင်းခံရသူများ၊ ဘုရားသခင်နှင့် တူလာသောသူများကို အသက်ပေးသောအရာသည် မေတ္တာတော်မီးဖြစ်ပါသည်။ ဒံယေလ၏သူငယ်ချင်းအပေါင်းဖော်သုံးယောက်သည် မီးထဲတွင် ပစ်ထားခြင်းခံရသော်လည်း မီးသည် သူတို့ကို မနာကျင်စေခဲ့ပါ။ အဘယ့်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် စစ်မှန်သောမီးဖြစ်သော ယေရှုသည် သူတို့နှင့်အတူ ရှိနေသောကြောင့်ဖြစ်သည်။ သူတို့ထိခိုက်စရာ အကြောင်းမရှိပါ။ သူတို့သည် ကောင်းကင်တမန်များကဲ့သို့ မီးကဲ့သို့ဖြစ်သွားခဲ့သည်၊ "သူသည် မိမိအစေခံများကိုမီးလျှံဟုခေါ်၏။"[၇၁] "ငါတို့မူကား ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည် မြင်ရကြလတံ့။" ရှင်ယောဟန် ပဌမစောင် ၃း၂။



ရွေးနုတ်ထားသောသူများသည် “မီးနှင့်ရောနှောသော” ဖန်ရေကန်တွင် ရပ်နေစဉ်၊ ခေတ်အဆက်ဆက်က ပျောက်ဆုံးသောသူများ အားလုံးသည် ရေကန်အထဲတွင် ထိုတူညီသော မီးနှင့်ရောသောရေကန်ထဲတွင် နှစ်မြုပ်လောင်ကျွမ်းကြပါလိမ့်မည်။

## အပြစ်တရားသည် သေစေနိုင်သော အဆိပ်ဖြစ်သည်။ အပြစ်သည် ခြွင်းချက်မရှိ သေအောင်သတ်၏။

### မိမိသင်္ချိုင်း မိမိတူးသောသူ

စာတန်က သူတို့ကို အဘယ်သို့ မုန်းရမည်၊ သတ်ရမည်၊ ဖျက်ဆီးရမည်ကို သင်ပေးခဲ့သည်။ ယခုတွင် သူသည် မိမိသင်္ချိုင်းတွင်းကို မိမိတူးဖော်နေသည်။ “သင်သည် ကိုယ်ကို ဘုရားကဲ့သို့ ထင်မှတ်သောကြောင့်... ကြောက်မက်ဘွယ်သော တကျွန်းတနိုင်ငံသားတို့ကို သင်ရှိရာသို့ ငါပို့ဆောင်သဖြင့်၊ သူတို့သည် သင်၏ ပညာဂုဏ်ကို ဓါးနှင့်ခုတ်၍၊ သင်၏တင့်တယ်ခြင်း အသရေကို ရှုတ်ချကြလိမ့်မည်။ သင့်ကို မြေတွင်းထဲသို့ နှိမ့်ချ၍၊”[၇၇] အဘယ်သူသည် အဆုံးမရှိသောတွင်းကို တူးသနည်း။ စာတန်ဖြစ်သည်။ သူကိုယ်တိုင် ထိုအထဲသို့ ဧကန်အမှန်ကျသွား လိမ့်မည်။

နောက်ဆုံး၌ အပြစ်သည် သေစေနိုင်သောအဆိပ်ဖြစ်ကြောင်းကို စကြဝဠာအားလုံးသည် ဧကန်အမှန် သိရလိမ့်မည်။ အပြစ်သည် ခြွင်းချက်မရှိ သေအောင် သတ်သောသူဖြစ်သည်။ အပြစ်ကြောင့် ဖြစ်ပေါ်လာသော သေစေနိုင်သည့် ကွဲကွာခြင်းကို ရွေးချယ်သောသူများအဖို့၊ ယေရှုသော်လည်းကောင်း၊ သူ၏ခမည်းတော်သည်လည်းကောင်း လုပ်ပေးနိုင်သောအရာ တစ်စုံတစ်ခုမျှမရှိပါ။

### အပြစ်တရား၏ အခ

မည်သည့်အလုပ်သမားကိုမဆို သူအလုပ်လုပ်သောလုပ်အားခကို အလုပ်ရှင်ထံမှသာ ပေးသည်ကို ကျွန်ုပ်တို့အားလုံး သိကြသည်။ အပြစ်၏သခင်ဖြစ်စေ၊ ဖြောင့်မတ်ခြင်းသခင်ဖြစ်စေ၊ အဘယ်သူမှ အခြားသူထံမှရရှိသောလုပ်ခကို ပေးလိမ့်မည်မဟုတ်ပါ။ ထာဝရအသက်သည် ဘုရားသခင်ပေးသော ဆုကျေးဇူးဖြစ်ပြီး၊ စာတန်သည် ဘုရားပေးသောဆု ထာဝရအသက်ကိုမည်သူ့ကိုမျှ မပေးနိုင်ပေ။ သူပေးနိုင်သော တစ်ခုတည်းသောငွေကြေးသည် သူနှင့်ရင်းနှီးကျွမ်းဝင်သော သေခြင်းတရားနှင့်ဆိုင်သည့် အပြစ်တရား၏ အခဖြစ်သည်။ ထိုနည်းတူစွာပင် ဘုရားသခင်သည် အပြစ်၏အခကို ဘယ်တော့မှမပေးပါ။ သူသည် အသက်ကို ထောက်ပံ့ပေးသူဖြစ်ပြီး၊ ၎င်းသည် သူထုတ်ပေးသည့် တစ်ခုတည်းသော ကုန်ပစ္စည်းသာဖြစ်သည်။

## နောက်ဆုံး ပြင်းထန်သော သတင်းစကားတစ်ခု

ကျွန်ုပ်တို့သည် ဗျာဒိတ်ကျမ်း အခန်းကြီး ၁၄ ထဲရှိ တတိယကောင်းကင်တမန်သတင်းစကား၏ အချိန်တွင် အသက်ရှင်နေကြသည်။ ပြင်းထန်ပြီး ကြမ်းတမ်းသော အသံဖြစ်နိုင်သည်။ သို့သော် သတိရပါ၊ "ကျွန်ုပ်တို့၏ ကောင်းကင်ဘုံရှင်အဘသည် သူ၏သားသမီး မြောက်များစွာဆုံးရှုံး သွားသည်ကို မြင်ရတော့မည်။ သူသည် နောက်ဆုံးတစ်ကြိမ် သူ့အသံကို လွှင့်၏။ သူ၊ အမှန်တရားအကြောင်း ညင်ညင်သာသာစကားပြောမည့်သူ၊ ကျေးဇူးတော်ကြွယ်ဝသော အရှင်သည်၊ အံ့သြဖွယ်ကောင်းသော နောက်ဆုံးသတိပေးချက်တစ်ခုနှင့် အသံတော်ကို၍ မြွက်ဆိုခဲ့သည်မှာ 'သင်တို့သည် ငါထံမှ စွန့်ခွာရန် စိတ်ပိုင်းဖြတ်လျှင်၊ သင်တို့ကို ငါသွားခွင့်ပေးမည်။ သို့သော်လည်း ငါသည် သင်တို့ကို စွန့်လွှတ်သည့်အခါ၊ သင်တို့သည် ဖျက်စီးခြင်း ခံရလိမ့်မည်။'"
"ဤသတင်းစကားကို ဒေါသကြီးသော ဘုရား၏စကားဟူ၍ စာတန်သည် ကျွန်ုပ်တို့ကို နားလည်မှု လွဲစေချင်ပါသည်။ သို့သော် ထိုစကားလုံးများသည် ငြင်းပယ်ခံနေရသည့် ၊ မကောင်းပြောခံရသည့် စေတနာရှင်၊ ဖန်ဆင်းရှင်၏ နှလုံးကြေကွဲဖွယ်စကားလုံးများသာ ဖြစ်ပါသည်။"[၇၄]

"အိုး၊ ငါသည် သင်ကို အဘယ်သို့ စွန့်လွှတ်နိုင်မည်နည်း။ သင့်ကို အဘယ်သို့ သွားခွင့်ပြု နိုင်မည်မည်နည်း။ သင့်ကို အဘယ်သို့ စွန့်ပစ်နိုင်မည်နည်း။ ကိုယ်အထဲ၌ နှလုံးကြေကွဲ ငိုကြွေးလျက်၊ သင့်ကို ကူညီရန် ငါအဘယ်မျှလောက် တောင့်တနေရသနည်း။"[75]

## ဘုရားသခင်၏ ငိုကြွေးသံ

မိမိသားသည် မိမိကို ဆန့်ကျင်ဘက်ပြု၍ပုန်ကန်သောအခါ ဒါဝိဒ်သည် ဘုရားသခင်၏စိတ် နှလုံးသဘောကို နားလည်ခဲ့သည်။ အကျိုးဆက်အနေဖြင့် သူ့သားသည် တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ ထိုအချိန်တွင် "အို အဗရှလုံ၊ အဗရှလုံ၊ အဗရှလုံ၊ အိုး ငါ့သား အဗရှလုံ။ သင့်ကိုယ်စား ငါမသေပါလေတကား"[၇၆] ဟုကြီးသောအသံနှင့် ငိုကြွေးတော်မူခဲ့သည်။ ဤအရာသည် ဘုရားသခင်၏ ငိုကြွေးသံလည်းဖြစ်သည်။

"ခရစ်တော်၏ အသက်တော်စွန့်ခြင်းနှင့် ကျွန်တော်တို့အတွက် ကြားဖျန်ဖြေကာ အသနားခံပေးခြင်းသည် ခမည်းတော်ဘုရားအား နှစ်လိုဖွယ်မရှိဆုံးသော အလင်းဖြစ်စေကာ၊ သားတော်ဘုရားထက် ကရုဏာပိုနည်းသော၊ ပို၍ နာလည်ပေးမှုနည်းသော သူအဖြစ် ရုပ်လုံးပေါ်သွားခြင်းအတွက် ဖြေရှင်းချက်များစွာ ရှိပါသည်။" အပြစ်တရား၊ ပညတ်တရားနှင့် မတရားသောသူတို့ ပျက်စီးခြင်းကဲ့သို့သော အကြောင်းအရာများသည် စာတန်လိမ်လှည့် ဖော်ဆောင်ထားသော ဘုရားသခင်၏ ပုံသဏ္ဌာန်တော် အတိအကျအတိုင်း လူများလက်ခံစေမည့် ပုံစံမျိုးဖြင့် တစ်ခါတရံ တင်ပြခြင်း ခံရတတ်သည်။"[၇၇]

ဘုရားသခင်၏ သားသမီးများသည် အခြားအရာအားလုံးထက် ဘုရားသခင်၏ သတင်းကောင်း အကြောင်း ထိရောက်စွာ သက်သေခံသောသူများအဖြစ် အသိမှတ်ပြုခံရသင့်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သစ္စာရှိသောလူများအကြား ရေတွက်ခြင်း ခံလိုကြသည်။ သို့သော် ကျွန်ုပ်တို့သည် နာခံလိုသော စိတ်အားထက်သန်လာ၍ ကျွန်တော်တို့သည် ပညတ်တော်အတိုင်း အတိအကျလုပ်ဆောင်သော (အပြစ်ရှိလျှင် အပြစ်အတိုင်းချက်ချင်း အပြစ်ပေးခြင်း (သို့) နားလည်ပေးမှုကို အလေးမထားဘဲ ပညတ်ချက် ဝတ္တရားအတိုင်း ဆောင်ရွက်လွန်းသော) ဘုရားကို ကိုးကွယ်ပါသည်ဟူသော ထင်မြင်ချက်ရှိနေလျှင် ကျွန်တော်တို့ သတင်းကောင်း (သို့) ဧဝံဂေလိသတင်းကို ကောင်းစွာ သက်သေမခံကြသေးပေ။

ဘုရားသခင်သည် မည်သည့်အခါမျှ ဖြောင့်မတ်သောသူကို အပြစ်သားထက်ပိုမချစ်ကြောင်း (လူသားအားလုံးကို တန်းတူချစ်ကြောင်း) ယုံကြည်ဝေငှခြင်းထက် သာ၍ မြတ်သော အခွင့်ထူး၊ဂုဏ်အသရေ ကျွန်တော်တို့ဆီမလာနိုင်ပါ။ ဘုရားသခင်၏ ဂုဏ်သတင်းအပေါ် မြတ်နိုးသော နေရာအနှံ့ရှိဘုရားသခင်၏ မိတ်ဆွေများသည် ယုံကြည်၊ ဂုဏ်ယူစွာဖြင့် ဘုရားသခင်၏ အမျက်တော်သည် မေတ္တာဖြင့် ပြည့်ဝသည်ကို ကျွန်တော်တို့ အမှန်တကယ် ယုံကြည်ပါသည်ဟု ကြွေးကြော်ရမည့်အချိန် အမှန်တကယ် ရောက်လာပြီ။

*"ယခုချိန်သည် ဘုရားသခင်၏သတင်းစကားကို ကြွေးကြော်ရန်အချိန်ဖြစ်သည်။ ထိုသတင်းစကားသည် တန်ခိုးတော်၌ ကယ်တင်သော၊ အရှိန်အဝါ၌ ထွန်းလင်းတောက်ပသော သတင်းစကားဖြစ်သည်။ ကရုဏာတော်အလင်း၏ နောက်ဆုံးရောင်ခြည်များ၊ ကမ္ဘာကိုပေးရမည့် နောက်ဆုံး ကရုဏာတော်သတင်းစကားမှာ ဘုရားသခင်၏ မေတ္တာဖြင့် ပြည့်ဝသော စာရိတ္တာတော်အကြောင်းပင်ဖြစ်သည်။"* ခရစ်တော်၏ သရုပ်ပြသွန်သင်ချက်များ၊ (COL) စာမျက်နှာ - ၄၁၅။

## အညွှန်းကိုးကားချက်များ


၁ ရောမဩဝါဒစာ ၁၁း၃၃။
၂ ယောဘဝတ္ထု ၁၁း၇။
၃ ဟေရှာယအနာဂတ္တိကျမ်း ၅၅း၈။
၄ ရှင်ယောဟန် ပထမစောင် ၂း၁၂။
၅ ကောရိန္သု ဒုတိယစောင် ၅း၂၁။
၆ ရှေးဘိုးဘေးများနှင့် ပရောဖက် များ၊ အယ်လ်ဝိုက်၊ စာမျက်နှာ-၇၂၈။
၇ ရှင်လုကာခရစ်ဝင် ၁၅။
၈ ထာဝရလိုအင်သက်တော်စဉ်၊ အယ်လ်ဝိုက်၊ စာမျက်နှာ-၆၀၀။
၉ တမန်တော်ဝတ္ထု ၁၃း၄၆။
၁၀ Maxwell, Graham: Can God Be Trusted? PPPA, 1977
၁၁ ထာဝရလိုအင်သက်တော်စဉ် စာမျက်နှာ-၄၇၁။
၁၂ ဖိလိပ္ပိဩဝါဒစာ ၂း၅။
၁၃ ဆာလံကျမ်း ၅၀း၁၉၊ ၂၁။
၁၄ ရှေ့ဘိုးဘေးများနှင့် ပရောဖက်များ၊ စာမျက်နှာ-၂၈၀။
၁၅ ရှေ့ဘိုးဘေးများနှင့် ပရောဖက်များ၊ စာမျက်နှာ- ၄၂၉
၁၆ ကောရိန္သု ပထမစောင် ၁၀း၁၀။
၁၇ Education၊ အယ်လ်ဝိုက်၊ စာမျက်နှာ-၃၀၄။
၁၈ အကောင်းနှင့်အဆိုးတိုက်လှန်ပွဲ၊ အယ်လ်ဝိုက်၊ စာမျက်နှာ- ၃၅၊ ၃၆။
၁၉ ထာဝရလိုအင်သက်တော်စဉ်၊ စာမျက်နှာ-၇၆၄။
၂၀ ရောမဩဝါဒစာ ၁။
ဆိုးသောသူတို့သည် ဘုရားသခင်၏ သတိပေးချက်ကို ငြင်းပယ်သောအခါ သူတို့ကို ညစ်ညူးခြင်းလက်သို့ အပ်လိုက်တော်မူ၏ (အငယ် ၂၄)၊ ရှက်ကြောက်ဖွယ်သော ကိလေသာလက်သို့ အပ်တော်မူ၏ (၂၆)နှင့် တဖန် မောဟလက်သို့ အပ်တော် မူ၏ (၂၈)။ ဟေရှာယအနာဂတ္တိကျမ်း ၂၈း၂၁ တွင် ဤအရာသည် ဘုရားသခင်၏ထူးခြားသော အမှုတည်း။ 'လုပ်မြဲ မဟုတ်သော လုပ်တော်ကို လတ်စသတ်ခြင်းငှါငင်း၊ ပေရဇိမ်တောင်ပေါ်မှာ ပြုသကဲ့သို့ ထတော်မူမည်။ ဂိဗောင်ချိုင့်ထဲမှာ ရှိသကဲ့သို့ အမျက်ထွက်တော်မူမည်။ အဖြစ်ပျက်နှစ်ခုစလုံးသည် ဓမ္မရာဇဝင် ဒုတိယစောင် ၅း၁၄-၂၀နှင့် ယောရှုမှတ်စာ ၁၀း ၁၂-၁၄ တွင် မှတ်တမ်း တင်ထားသည်။ ထာဝရဘုရားသခင်သည် ဆိုးသော သူတို့အပေါ်သို့ သူ့၏အမျက်တော်ကို မသွန်္နလောင်းခဲ့ပါ၊ သို့သော် ဖျက်ဆီးခြင်းသည် သူတို့အပေါ်သို့ ကျရန် သဘာဝတရားအလျောက် ခွင့်ပေးခြင်းသာ ဖြစ်သည်။
၂၁ အကောင်းနှင့်အဆိုးတိုက်လှန်ပွဲ၊ စာမျက်နှာ- ၃၆။
၂၂ အကောင်းနှင့်အဆိုးတိုက်လှန်ပွဲ၊ စာမျက်နှာ- ၅၂၉။
၂၃ တောလည်ရာကျမ်း ၁၂။
၂၄ အကောင်းနှင့်အဆိုးတိုက်လှန်ပွဲ၊ စာမျက်နှာ- ၆၄၂။
၂၅ ဗျာဒိတ်ကျမ်း ၂၀း၆။
၂၆ အသင်းတော်အတွက် ဩဝါဒများ၊ တွဲ-၂၊ စာမျက်နှာ-၂၀၉။
၂၇ SDA Bible Commentary ၅:၁၁၂၄။
၂၈ ထာဝရလိုအင်သက်တော်စဉ်၊ အယ်လ်ဝိုက်၊ စာမျက်နှာ-၆၈၆။
၂၉ ရှင်မဿဲခရစ်ဝင် ၂၇း၄၆။

၃၀ ဟေရှာယအနာဂတ္တိကျမ်း ၅၃း၁၀။
၃၁ **SDABC** ၄း၂၆၇
ဟေရှာယအနာဂတ္တိကျမ်း ၄၅း၇
ကိုသုံးသပ်ခြင်း၊ 'ငါသည်
အလင်းကိုလုပ်၏။ အမိုက်ကိုလည်း
ဖန်ဆင်း၏။ ငြိမ်သက်ခြင်းကို
ဖြစ်စေ၏။ အမင်္ဂလာကို
လည်းဖန်ဆင်း၏။ ခပ်သိမ်းသော
အမှုအရာတို့ကို ငါထာဝရဘုရား
ပြုတော်မူ၏။'
၃၂ ဩဝါဒများ ၅း၁၃၇။
၃၃ ရှေ့ဘိုးဘေးများနှင့် ပရောဖက်များ၊
စာမျက်နှာ- ၂၀၁။
၃၄ ရှင်လုကာခရစ်ဝင် ၉း၅၄။
၃၅ ယောဘဝတ္ထု ၁း၁၆။
၃၆ ဓမ္မရာဇဝင် ဒုတိယစောင် ၁။
၃၇ ဓမ္မရာဇဝင် ပထမစောင် ၁၉း၁၂။
၃၈ ပြန်လည်ဆန်းစစ်ခြင်းနှင့်
ရှေ့တော်ပြေး၊ စက်တင်ဘာလ ၁၇၊
၁၉၀၁။
၃၉ အကောင်းနှင့်အဆိုးတိုက်လှန်ပွဲ၊
စာမျက်နှာ- ၅၈၉။
၄၀ အကောင်းနှင့်အဆိုးတိုက်လှန်ပွဲ၊
စာမျက်နှာ- ၆၁၄။ (See also
Education p. 179, SDABC 3:642)
၄၁ ဟဂ္ဂဲအနာဂတ္တိကျမ်း ၂း၂၂။
၄၂ ရာဇဝင်ချုပ် ဒုတိယစောင် ၂၀း၂၂။
၄၃ ဆာလံကျမ်း ၉း၁၅၊ ၁၆။
၄၄ သုတ္တံကျမ်း ၂၆း၂၇။
၄၅ ဆာလံကျမ်း ၇း၁၆။
၄၆ ဟေရှာယအနာဂတ္တိကျမ်း ၄၀း၁၅။
၄၇ ကောရိန္သု ပထမစောင် ၁၃း၇၊ ၈။
၄၈ ဟေရှာယအနာဂတ္တိကျမ်း ၅၅း၇။
၄၉ ဟေရှာယအနာဂတ္တိကျမ်း ၅၀း၂။
၅၀ ဟေဗြဲဩဝါဒစာ ၇း၂၅။
၅၁ ထွက်မြောက်ရာကျမ်း ၃၄း၆။
၅၂ ရှင်ပေတရုဩဝါဒစာ ပထမစောင်
၃း၉။
၅၃ ယေဇကျေလအနာဂတ္တိကျမ်း
၃၃း၁၁။
၅၄ ဆာလံကျမ်း ၂၁း၈-၁၁။
၅၅ သုတ္တံကျမ်း ၂၅း၂၁၊ ၂၂။
၅၆ ရှောလမုန်သီချင်း ၈း၆။
၅၇ ရှင်လုကာခရစ်ဝင် ၁၂း၄၉။
၅၈ ရှင်လုကာခရစ်ဝင် ၂၄း၃၁၊ ၃၂။
၅၉ ယေရမိအနာဂတ္တိကျမ်း ၂၀း၉။
၆၀ ရှင်လုကာခရစ်ဝင် ၂၀း၁၉။
၆၁ ကောရိန္သု ဒုတိယစောင် ၂း၁၅၊ ၁၆။
၆၂ အကောင်းနှင့်အဆိုးတိုက်လှန်ပွဲ၊
စာမျက်နှာ- ၆၇၂၊ သာယာသော
အနာဂတ်သို့ စာမျက်နှာ-၄၂၈။
၆၃ တမန်တော်ဝတ္ထု ၇း၅၄။
၆၄ ဆာလံကျမ်း ၁၁၂း၉၊ ၁၀။
၆၅ ဟောရှေအနာဂတ္တိကျမ်း ၇း၆။
၆၆ ဟေရှာယအနာဂတ္တိကျမ်း ၉း၁၈၊ ၁၉။
၆၇ ယေဇကျေလအနာဂတ္တိကျမ်း ၃၈း၂၁။
၆၈ ဇာခရိအနာဂတ္တိကျမ်း ၁၄း၁၃။
၆၉ ဗျာဒိတ်ကျမ်း ၂၀။
၇၀ ဟေရှာယအနာဂတ္တိကျမ်း ၃၃း၁၄။
၇၁ ဟေဗြဲဩဝါဒစာ ၁၂း၂၉၊
တရားဟောရာကျမ်း ၄း၂၄။
၇၂ ဟေဗြဲဩဝါဒစာ ၁း၇၊
ဆာလံကျမ်း ၁၀၄း၄။
၇၃ ယေဇကျေလအနာဂတ္တိကျမ်း

၂၈း၆-၈။

၇၄ **Maxwell, Graham, Ibid.**

၇၅ ဟောရှေအနာဂတ္တိကျမ်း ၁၁း၃။

၇၆ ဓမ္မရာဇဝင် ဒုတိယစောင် ၁၈း ၃၃

၇၇ Wright, Fred: Behold your God.

1979

Talking Rock Sabbath Chapel Books

1250 W. Price Creek Rd. Talking Rock, GA  30175

706.692.8954

www.talkingrocksabbathchapel.com

## ဘုရားသခင်၏အမျက်တော်အကြောင်း သမ္မာကျမ်းစာက ဘာပြောထားသလဲ။

ကျွန်ုပ်တို့နဲ့ တူသလား။ ဘုရားက ဒေါသထွက်တတ်လား။ စိတ်ဆိုး တတ်လား။ မတရားတဲ့လူတွေ၊ ဆိုးတဲ့လူတွေကို မီးရှို့ဖျက်ဆီးတယ်ရင် ဘုရားသခင်ဆိုတာ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝတဲ့ ဘုရားဖြစ်နိုင်ပါ့မလား။

ဤမေးခွန်းများကို ဤစာအုပ်ငယ်ထဲတွင် ဂရုတစိုက်ဖြေဆိုထားပါသည်။ ဤစာအုပ်ငယ်ထဲတွင် ကျွန်ုပ်တို့၏ ကောင်းကင်ဘုံရှင် ခမည်းတော်ဘုရား၏ နှစ်သက်ဖွယ်ကောင်းသော ပုံသဏ္ဌာန်တော်ကို တင်ဆက်ပေးထားပါသည်။

သခင်ယေရှုသည် ခမည်းတော်ကို ကျွန်ုပ်တို့အား ပြသရန် ကြွလာတော်မူခဲ့သည်။ သူသည် ပြီးပြည့်စုံသည့် ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ဖြစ်သည်။ အပြစ်သားများအပေါ် မည်သည့်အခါမျှ အချစ်မလျော့သော ဖန်ဆင်းရှင်ကို ချစ်ကျွမ်းဝင်ခြင်း။

